မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၂၂ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၁၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မား ရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မား ရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်း စောင့် ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်အကြိုခင်းကျင်းပြသမှု ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၁

စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၅ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သိန်းထွန်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park) သို့ ရောက်ရှိကြပြီး စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၅ (MICT Week-2005) အကြိုခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးကြရာ ကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင် MICT°DCဒါရိုက်တာအဖွဲ့မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

(သတင်းစဉ်)

အကြိုခင်းကျင်းပြသထားမှုများကြည့်ရှုစစ်ဆေး

စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၅ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၅ (MICT Week-2005) အကြိုခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်း ပြိုင်ပွဲ ဆက်လက် ကျင်းပ

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။ (ထပဆ)



ရန်ကုန် ဇန်နဝါရီ ၂၁

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ကျင်းပရာ ပြိုင်ပွဲများမစတင်မီ တာမွေမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် သာကေတမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ကျောင်းသူလေးများပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြုဖျော်ဖြေကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၁)၊အမှတ်(၂)အရာခံ အကြပ်ကြီးသင်ကျောင်း ကိုယ်စားပြုစစ်တီးဝိုင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၃)၊ အမှတ်(၈) စစ်အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြုစစ်တီးဝိုင်း၊ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းနှင့် အမှတ်(၁) စစ်အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြုစစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✡

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

နိုင်ငံတော်၏ ဦးတည်ချက်များကို ထာဝရဦးထိပ်ပန်ဆင် ရလဒ်ကောင်းများ ဆက်လက်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်

တပ်မတော်အစိုးရသည် နိုင်ငံတော်၏တာဝန်ကို ရယူပြီးသည့်နောက်ပိုင်း အဓိကအကျဆုံးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုလုပ်ငန်းများကို ပထမဦးစားပေးလုပ်ငန်းအဖြစ် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထို့နောက် နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံမှုအခြေအနေ ကောင်းမွန်လာပြီး စီးပွားရေးအခြေခံအဆောက်အအုံများကို နယ်စပ်ဒေသများပါမကျန် အောင်မြင်စွာတည်ဆောက်နိုင်ခဲ့သည်။

ယခုအခါနိုင်ငံတော်၏ စီးပွားရေးအခြေခံအုတ်မြစ် ခိုင်မာလာသည်နှင့်အမျှ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝသည်လည်း တိုးတက်မြင့်မားလာခဲ့ပြီ ဖြစ်သည်။ ယင်းကဲ့သို့ဘက်စုံ၊ ကဏ္ဍစုံ တိုးတက်ဖွံ့ဖြိုးလာခြင်းသည် နိုင်ငံတော်၏ ဦးဆောင်မှု၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများကြောင့်ဖြစ်သည်ကို ယနေ့ကာလသမိုင်းစာမျက်နှာများက ဖော်ညွှန်းပြသလျက် ရှိသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)တွင် မိန့်ခွန်းမြွက်ကြားခဲ့ရာ၌-

"နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပထမဆုံးစတင်ခဲ့တာဟာ လုံခြုံရေးအခြေအနေကြောင့် ဖွံ့ဖြိုးမှုနှေးကွေးခဲ့ရတဲ့ နယ်စပ်ဒေသတွေမှာဖြစ်တယ်။ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဟာ သမိုင်းရဲ့လိုအပ်ချက်ဖြစ်တယ်။ အားလုံးစေတနာမှန်နဲ့ ဖော်ဆောင်ခဲ့တာကြောင့် သိသာတဲ့ ဖွံ့ဖြိုးမှုရလဒ်တွေ ပေါ်ထွန်းလာခဲ့တယ်။ ဖွံ့ဖြိုးမှုနဲ့အတူ အမျိုးသားစည်းလုံးညီညွတ်ရေး အခြေခံကောင်းတွေလဲ တစ်ပါတည်း ဖွံ့ဖြိုးလာခဲ့တယ်"

ဟူ၍ မိန့်ကြားသွားခဲ့သည်။

လွတ်လပ်ခြင်း၊ တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၏အကျိုးဆက်အဖြစ် ဖွံ့ဖြိုးမှုရလဒ်ကောင်းများကို တိုးတက်ရရှိခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ခြင်း၏အရသာ၊ လွတ်လပ်ခြင်း၏တန်ဖိုးသည် ကြီးမားလှပေသည်။ လွတ်လပ်ခြင်း၏နောက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်နိုင်ခဲ့ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ အောင်မြင်မှုများသည် သဘာဝကဖန်တီးပေးခြင်းမဟုတ်ဘဲ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုများ၏ ကိုယ်ပိုင်စွမ်းပကားဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို အလုပ်လမ်းညွှန်အဖြစ် ခံယူလျက် ကြိုးပမ်းဆောင်ရွက်ခဲ့မှု၏ အကျိုးရလဒ်ပင်ဖြစ်သည်။

ယနေ့ကာလ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများသည် ၁၉၈၈ခုနှစ်ကာလအခြေအနေများနှင့် မနှိုင်းယှဉ်သာအောင် ကွာခြားပြောင်းလဲလာခဲ့ပြီ ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ခက်ခဲပင်ပန်းမှုများစွာ ကြုံတွေ့ခဲ့ရသည်။ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ ညီညွတ်မှုစွမ်းပကား၊ ချစ်ကြည်ရင်းနှီးမှုစွမ်းအားတို့သည် ခက်ခဲပင်ပန်းမှုများကို ကျော်လွှားနိုင်ကာ အောင်ပွဲအလီလီ ရရှိခဲ့ခြင်း ဖြစ်ပေသည်။

ရရှိခဲ့သော အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်အတွက် တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှု စွမ်းအားများအပေါ်တွင် များစွာတည်မှီလျက် ရှိပေသည်။ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်တို့သည် လုပ်ငန်းလမ်းညွှန်များပင်ဖြစ်ပေသည်။ နိုင်ငံရေးအားကောင်းသည်နှင့်အမျှ တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ကာ လူမှုနယ်ပယ်တွင်လည်း တစ်ဆက်တစ်စပ်တည်း တိုးတက်ဖြစ်ထွန်းလာမည်သာ ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံး ညီညီညွတ်ညွတ်ဖြင့် ဖော်ဆောင်ခဲ့သည့် အကျိုးရလဒ်ကောင်းများ ထာဝရဖြစ်ထွန်းစေရန်အတွက် နိုင်ငံတော်၏ ဦးတည်ချက်များကို ထာဝရဦးထိပ်ပန်ဆင်ပြီး ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၂-၁-၂၀၀၅
(စနေနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"အဂ္ဂိဝစ္ဆသုတ်"**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Area Characteristics Between Complementary Places (တတိယနှစ်-ပထဝီဝင်အထူးပြု) Drama "Julius Caesar" (တတိယနှစ်-အင်္ဂလိပ်စာ)
၅:၃၀ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း-၃)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း English Premier League ဘောလုံးပွဲ Manchester United Vs AstonVilla

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဇန်နဝါရီ၁၀ ရက်က ဘုရားဖြူကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သုံးထပ်ကျောင်းတော်ကြီး တံခါးသုံးပေါက်အတွက် အလှူတော်ငွေကျပ် ခြောက်သိန်းကို မိခင်ကြီး ဒေါ်ကြင်ညွှန့်နှင့် ဦးစိုးလွင်-ဒေါ်နုနုထွေးရီ၊ သမီး မဇင်မြတ်မွန်၊ သား မောင်သန်းနိုင်စိုး၊ မောင်စိုးဝေလင်း (လမင်းအိမ်မိတ္တူ) ဗိုလ်ချုပ်အောင်ဆန်းလမ်းက ဘုရားဖြူကျောင်းတိုက် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေး စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သာသနာ့သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင်စေတီတော် (၁၀၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေးနှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူအောင်မြင်ပြီးစီးမှု ရေစက်ချပွဲအခမ်းအနား ကျင်းပရေးအစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက်မွန်းလွဲပိုင်းတွင် စေတီတော်ရင်ပြင် နှစ်ကျိပ်ရှစ်ဆူ အာရုံခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ (ဆင်မင်း)ဦးတင်ရွှေနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့များမှပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကျိုက္ကစံ ဆံတော်ရှင် စေတီတော် (၁၀၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၉ရက် မှ စတင်၍ ကျင်းပသွားမည်ဖြစ်ပြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၂၃ ရက် (တပို့တွဲလပြည့်နေ့)မွန်းလွဲ ၁ နာရီတွင် ပင့်သံဃာ အပါး ၃၀၀၊ သာသနာ့နွယ်ဝင် သီလရှင်အပါး ၁၀၀ တို့အား ဆွမ်းဆန်စိမ်းများလောင်းလှူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

(၂၅)ကြိမ်မြောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်း(FDI)နှင့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်းတို့၏ ဆဋ္ဌမအကြိမ် ပူးတွဲအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ရက် နံနက်၈နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန(IBC) အစည်းအဝေးခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ညီလာခံကို Traders Hotel ၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး သွားနှင့်ခံတွင်းဆရာဝန် ပြည်တွင်းမှ ၁၉ ဦးနှင့် ပြည်ပမှ ရှစ်ဦးတို့က သုတေသနစာတမ်းများ ဖတ်ကြားပို့ချ ဆွေးနွေးကြမည် ဖြစ်သည်။ ဆေးပြခန်းများ၊ အားကစားပြိုင်ပွဲများပါဝင်ပြီး သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက်၈နာရီတွင်အဆိုပါ ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ညီလာခံသို့တက်ရောက်လိုသော သွားဆရာဝန်များသည် ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း "Traders" Hotel ၌ မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ မတ္တရာမြို့နယ် နံ့သာမြိုင်စခန်း၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

မန္တလေးတိုင်း မတ္တရာမြို့နယ် ရေနံ့သာ အနာကြီးရောဂါကုသရေးဆေးရုံ ပူပြင်ပြီး စာကြည့်တိုက် လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၁၂ရက် နံနက် ၉ နာရီက မန္တလေးတိုင်း မတ္တရာမြို့နယ် ရေနံ့သာအနာကြီးရောဂါကုဆေးရုံကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်ကိုယ်စားလှယ်က ပူပြင်ပြီး စာကြည့်တိုက်ကို လွှဲပြောင်းပေးအပ်ရာ ဆေးရုံအုပ်ကိုယ်စားဒေါက်တာဝင်းမော်က ကျေးဇူးတင်စကား ပြောကြားသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲ

ထို့နောက် အမှတ်(၁၄၀)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇန်နဝါရီ၁၉ရက်နံနက်က မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် နံ့သာမြိုင်စခန်း၌ ကျင်းပသည်။

လှူဒါန်းရခြင်းအကြောင်းရှင်းလင်း

ဆက်လက်၍ အမှတ် (၁၄၀) အခြေခံပညာမူလတန်းကျောင်း ဆောင်သစ်ဆောက်လုပ်လှူဒါန်းပွဲကျင်းပရာ ကျောင်းဆောင်သစ်အလှူရှင်၏ကိုယ်စားလှယ် မစ္စတာအိုဆမူအုဆမိက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် အလှူရှင်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ရာ အမှတ်(၂)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းခိုင်က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ **(က-ပ)**

(၅၇)နှစ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့အခါသမယ နိုင်ငံအကြီးအကဲများ သဝဏ်လွှာဆက်လက်ပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၁

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ မလေးရှားနိုင်ငံ ဘုရင်တူအန်ကူဆာရက်ဆီရာ ဂျူဒင်ပူထရာဂျာမာလူလေ၊ ကျူးဘားနိုင်ငံသမ္မတ ဒေါက်တာဖီဒယ်လ်ကတ်စ်ထရိုရုဇ်၊ ခရိုအေးရှားနိုင်ငံ သမ္မတ မစ္စတာစတက်ချ်ပမ်မက်စစ်ခ်၊ ဘာရိန်းနိုင်ငံ ဘုရင်ဟာမက်ဘင်အီဇာအယ်လ်ခလီဖာ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု သမ္မတ ခလီဖာဘင်ဇရစ်အယ်လ်နာယန်၊ ကူဝိတ်နိုင်ငံ အိမ်ရှေ့မင်းသား ဆာအက်အယ်လ်အဗဒူလာအယ်လ်ဆာလင် အယ်လ်ဆာဘားတို့ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အဆိုပါ သဝဏ်လွှာများတွင် အဆွေတော် ကျန်းမာပျော်ရွှင်စေကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက် သာယာစေကြောင်း၊ မြန်မာပြည်သူများ တိုးတက်ကြီးပွားချမ်းသာစေကြောင်း ဆုမွန်ကောင်းများ ပို့သပါသည်ဟု ဖော်ပြပါရှိသည်။ **(မြန်မာ့အလင်း)**

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
* ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

၂၀၀၅ခုနှစ် မန္တလေးမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပရေးကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်မှု အစီအစဉ်တစ်ရပ်အဖြစ် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ကြီးမှူး၍ ပုဂ္ဂလိက ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ ပူးပေါင်းကျင်းပမည့် ၂၀၀၅ခုနှစ် မန္တလေး မဟာသင်္ကြန်ပွဲတော် ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၉ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ Excel Treasure Tower ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းနှင့် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ၂၀၀၅ခုနှစ် မန္တလေး မဟာသင်္ကြန်ပွဲတော်သို့ မြန်မာနိုင်ငံ အပါအဝင် GMS ခြောက်နိုင်ငံ ပါဝင်ဆင်နွှဲမည်ဖြစ်ရာ ဧည့်သည်ငါးနိုင်ငံနှင့် မြန်မာနိုင်ငံရှိ သံရုံးများ၊ ဟိုတယ်ဇုန်များ၊ ခရီးစဉ်ဒေသတို့မှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ပါဝင် ဆင်နွှဲကြမည့် ခန့်မှန်းခြေ လူဦးရေအခြေအနေနှင့် ဧည့်သည်များအတွက် သယ်ယူပို့ဆောင်ရေး၊ နေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး စသည်တို့နှင့် စပ်လျဉ်း၍ ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဆောင်ရွက်ကြရေး ပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးခင်ဇော်က ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ နိုင်ငံခြားသားများ တက်ရောက်နိုင်ရေး၊ မန္တလေးဇုန် ဥက္ကဋ္ဌ ဦးအောင်ခိုင်က မဏ္ဍပ်ကြီးကြပ်ဆောင်ရွက်ရေး၊ ဒါရိုက်တာဦးတင်ဦးက မြန်မာ့ရိုးရာ အစဉ်အလာမပျက် အနုပညာဖြင့် ဧည့်ခံဖျော်ဖြေရေးနှင့် အစည်းအဝေး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ၂၀၀၅ ခုနှစ် မန္တလေး မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ မန္တလေးတိုင်းညွှန်ကြားရေးမှူးစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၁

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန မန္တလေးတိုင်း ညွှန်ကြားရေးမှူး ဦးမင်းဒင်သည် ဇန်နဝါရီ၁၄ ရက်မှ ၁၅ရက်အထိ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များမှ တာဝန်ခံများ လိုက်ပါလျက် မန္တလေးတိုင်း ရမည်းသင်းခရိုင်အတွင်း ၂၀၀၄-၂၀၀၅ ခုနှစ် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု တပ်ကုန်းမြို့နယ် လွှဘုံကြိုးဝိုင်း ရေဝေရေလဲ စိုက်ခင်း ဧက၅၀၀၊ ရမည်းသင်းမြို့နယ် သစ်ဆုံကြိုးပြင်ကာကွယ်တော ကျေးရွာသုံး ထင်းစိုက်ခင်း ဧက၆၀၊ အင်းကုန်း ကျေးရွာ ဒေသခံ ထင်းစိုက်ခင်း ၁၀ ဧက၊ တပ်ကုန်းမြို့နယ်နှင့် ရမည်းသင်း မြို့နယ်တို့ရှိ ၂၀၀၅-၂၀၀၆ခုနှစ် ရေဝေရေလဲ စိုက်ခင်းဧက ၁၈၃၀ နှင့် ကျေးရွာသုံးထင်းစိုက်ခင်း ၁၁၅ဧက တို့၏ ကျင်းတူးခြင်းလုပ်ငန်းများ ပျိုးဥယျာဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မန္တလေးတိုင်း ညွှန်ကြားရေးမှူးသည် သက်ဆိုင်ရာခရိုင်၊မြို့နယ် တာဝန်ခံများအား ကြံ့ခိုင်သန်စွမ်းသော ပျိုးပင်များ ရရှိစိုက်ပျိုးနိုင်ရန်အတွက် စနစ်တကျ ပြုစုပျိုးထောင်ရေး၊ မီးကာကွယ်ခြင်း လုပ်ငန်းများ စီမံချက်အတိုင်း စနစ်တကျ ဆောင်ရွက်ရေး၊ ဒေသခံ ပြည်သူများမှ သစ်တောစိုက်ခင်းများ ထိန်းသိမ်းပြုစုရေးတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန် အလေးထား ဆောင်ရွက်ရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့သမဝါယမ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ပုဂံစူပါမားကက်ဖွင့်လှစ်ရောင်းချ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာ့သမဝါယမ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အဖြစ် မြစိမ်းရှင် သမဝါယမအသင်းလီမိတက်သည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်ရှိ သမဝါယမ ကူးသန်းရောင်းဝယ်ရေးဗဟိုဌာန(ဆရာစံပလာဇာ) မြေညီထပ်၌ ပုဂံစူပါမားကက်ကို ဖွင့်လှစ်လျက်ရှိသည်။

ပုဂံစူပါမားကက်၌ တီဗွီ၊ ရေခဲသေတ္တာ၊ အဲယားကွန်းနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ ပန်းချီ၊ ပန်းပုအနုပညာပစ္စည်း၊ လက်ဆောင်ပစ္စည်း၊ ယွန်းထည်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် အလှကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံး၊ အိမ်သုံးပစ္စည်းအမျိုးမျိုး၊ သားငါးနှင့် ဟင်းသီးဟင်းရွက်၊ အသီးအနှံတို့ကို ပစ္စည်းမှန်၊ ဈေးမှန် ပိတ်ရက်မရှိ နေ့စဉ် နံနက် ၉နာရီမှ ည ၉နာရီအထိ ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၂-၁-၂၀၀၅
(စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ အကပဒေသာ
- ၈:၀၀ ၆။ အရေးပြိုင်ပွဲ
- ၈:၁၀ ၇။ ကျောက်ကြီးပေါက်တံတား
- ၈:၂၀ ၈။ တေးဂီတအစီအစဉ်
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Grammar made Easy
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၁၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"**(အပိုင်း-၄)
- ၁၂:၅၀ ၇။ ဖောင်းကတောရေလှောင်တမံ
- ၁၃:၀၀ ၈။ **"တို့ခြံထဲမှာ ခတောဖြင့် ပျော်စရာ"** (ရဲအောင်၊ ကိုကိုလင်းမောင်၊ မေသန်းနု၊ ယမင်းကိုကို) (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)
- ၁၃:၃၀ ၉။ ပန်းပျိုးလက်ပန်းချီပြပွဲ
- ၁၃:၄၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၀၀ ၁၁။ **"ရင်ထဲမှာသာတဲ့လ"** (ဆက်မော်၊ နှင်းဝတ်ရည်သောင်း) [ဒါရိုက်တာ-ခင်မောင်ချင်း (ပုလဲအရောင်မမှိန်)]
- ၁၄:၃၀ ၁၂။ ထပ်ဆင့်အောင်ပွဲဧရာဝတီတံတား(ဒေးဒရဲ)
- ၁၄:၄၅ ၁၃။ International News
- ၁၅:၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
- ၁၇:၁၅ ၆။ အတီးပြိုင်ပွဲ
- ၁၇:၃၀ ၇။ တေးဂီတအစီအစဉ်
- ၁၇:၄၀ ၈။ မြန်မာစာ၊မြန်မာစကား
- ၁၇:၅၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၈:၁၅ ၁၀။ တေးဂီတအစီအစဉ်
- ၁၈:၂၅ ၁၁။ Discovery
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း-၄၇)
- ၁၉:၃၅ ၁၅။ "ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို မဆန့်ကျင်သင့်"
- ၁၉:၄၅ ၁၆။ မြစိမ်းရောင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"** (အပိုင်း-၁၁)
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ရေကူးမြို့မ ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြို့ အမှတ် (၈)ရပ်ကွက် ဘုရားကြီးလမ်း ကမ္ဘာအေးစာတိုက် မရမ်းကုန်းမြို့နယ် ရေကူးမြို့မရိပ်သာတွင်ကျင်းပမည့် ရေကူးမြို့မ ဓမ္မသဘင်၌ ဇန်နဝါရီ၂၂ရက် (စနေနေ့) ညတွင် အရှင်ဥတ္တရ (သာသနဓဇ ဓမ္မာစရိယ) မဟာစည် နယ်လှည့် ဓမ္မကထိက အရှင်သူမြတ်က လည်းကောင်း၊ ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့)ညတွင် သာကေတ (၁၀/တောင်) ရပ်ကွက် ဆင်ဖြူတောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အရှင်ဂုဏိန္ဒ အရှင်သူမြတ်က လည်းကောင်း တရားဓမ္မများ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာဗျူဟာနှင့်မွန်မြတ်ကရုဏာသို့ စေတနာရှင်များငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၁

ဇန်နဝါရီ ၁၉ရက်က ဗဟန်းမြို့နယ် အာဇာနည်လမ်း မင်္ဂလာဗျူဟာအသင်းချုပ်တွင် M.V Barcelona Bridge (Uniteam Marine Co.,Ltd.) မှ ဦးစိုးကြည်နှင့် သင်္ဘောသား၂၄ဦးတို့က မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့သို့ ငွေကျပ် ၂၁၆၂၀၀ကို လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိုးလွင်(ငြိမ်း) ကလည်းကောင်း၊ ရွှေပေါက်ကံမြို့သစ် အောင်လေးအောင်ကျောင်း မွန်မြတ်ကရုဏာ နာရေးကူညီမှုအသင်းသို့ ငွေကျပ် ၂၁၆၂၀၀ကို လှူဒါန်းရာ နာယကဦးရဲမြင့်က လည်းကောင်း လက်ခံရယူကြသည်။ **(ဝဲပုံ) (၃၂၀)**

တရုတ်၌ မြူနှင်းများထူထပ် အဝေးပြေးလမ်းများ ပိတ်ထားရ

နန်ချန် ဇန်နဝါရီ ၁၉

တရုတ်ပြည်အရှေ့ဘက် ကျန်ဇီပြည်နယ်တွင်ရှိသော အဝေးပြေးလမ်းများကို လွန်ခဲ့သည့် လေးရက်တွင် မြူနှင်းများ ထူထပ်နေမှုကြောင့် ပိတ်ထားခဲ့ရကြောင်း ပြည်နယ် မိုးလေဝသဗျူရိုမှ အရာရှိတစ်ဦးက ပြောကြားသည်။

မြူနှင်းများကြောင့် နှောင့်နှေးမှုများဖြစ်ရကာ လေကြောင်းကိုလည်း ဖျက်သိမ်းရကြောင်း ၎င်းက ပြောကြားပြီး မြူနှင်းသတိပေးအချက်ပြ ၁၀ ခုကို တစ်ရက်အတွင်း ထုတ်ပြန်ထားကြောင်း ၎င်းက ပြောကြားသည်။ ဇန်နဝါရီ ၁၄ ရက်မှစတင်၍ ပြည်နယ်၏ နေရာအစိတ်အပိုင်း အများအပြား၌ မြူနှင်းများ ထူထပ်နေမှုကြောင့် မီတာ ၅၀၀ ထက်ကျော်ပြီး မြင်ကွင်း မကြည်လင်ကြောင်း သိရသည်။

မြူနှင်းများသည် ဧရိယာစတုရန်းကီလိုမီတာ ၁၀၂၂၀၀ ကို ဖုံးလွှမ်းလျက်ရှိရာ ကျန်ဇီ၏ နယ်မြေ ၆၁ ရာခိုင်နှုန်းအထိ ဖုံးလွှမ်းလျက်ရှိသည်။ အဆိုပါ ပြည်နယ်တွင် နေထိုင်ကြသော ပြည်သူလူထုသည် မြူနှင်းထူထပ်သည့် အတွေ့အကြုံကို လွန်ခဲ့သည့်ငါးနှစ်က ရရှိခဲ့ကြပြီး ဖြစ်သည်။

မြူနှင်းသည် အင်္ဂါနေ့မှစ၍ လွင့်ပြယ်သွားမည်ဖြစ်ကြောင်း မိုးလေဝသဗျူရိုက ခန့်မှန်းချက်တစ်စောင် ထုတ်ပြန်ထားသည်။ တောင်နှင့်အရှေ့ တရုတ်ပြည်တွင် ဒီဇင်ဘာနှင့် ဇန်နဝါရီလများအတွင်း နှင်းများထူထပ်စွာ ပိတ်လေ့ပိတ်ထရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ ကိုဘေးမြို့၌ကျင်းပသော အန္တရာယ်လျော့ပါးရေးဆိုင်ရာ ကမ္ဘာ့ ညီလာခံနှီးနှောပွဲ၌ နှိုင်းယှဉ်စမ်းသပ်ပြသည့် ငလျင်ဒဏ် ခံနိုင်စွမ်းရှိသော အဆောက်အအုံနှင့် ခံနိုင်စွမ်းမရှိသော အဆောက်အအုံ ပုံစံများကို နှီးနှောပွဲတက်ရောက်သူများ ဇန်နဝါရီ၂၀ရက်က ကြည့်ရှုလေ့လာကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ချန်ဂီလေဆိပ်၏ ဝန်ဆောင်မှုပမာဏ ၂၀၀၄ ခုနှစ်တွင် စံချိန်တင်တိုးတက်ခဲ့

စင်ကာပူ ဇန်နဝါရီ ၂၀

စင်ကာပူ ချန်ဂီလေဆိပ်သည် ယခင်နှစ်က ခရီးသည်များနှင့် ကုန်ပစ္စည်းများ ပို့ဆောင်ပေးနိုင်မှု စံချိန်တင်တိုးတက်ခဲ့ကြောင်း သိရသည်။

စင်ကာပူမြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့(စီအေအေအက်စ်)က ဗုဒ္ဓဟူးနေ့က ကြေညာချက်ထုတ်ပြန်ရာတွင် ၂၀၀၄ ခုနှစ်က ခရီးသည် ၃၀ ဒသမ ၃၅ သန်း လက်ခံ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခင်နှစ်ကထက် ၂၃ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဖော်ပြပါရှိသည်။

တိုးလာ

ထို့အပြင် ကုန်ပစ္စည်းတန်ချိန် ၁ ဒသမ ၇၈ သန်းကိုလည်း လေဆိပ်မှ ဖြတ်သန်းမှုကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခင်နှစ်ကထက် ၁၀ ဒသမ ၂ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

ဆောင်ရွက်

ချန်ဂီလေဆိပ်သည် လေကြောင်းလိုင်း ရာကျော်ကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ အပတ်စဉ်ပျံသန်းရေး အစီအစဉ် ၃၇၀၀ စီစဉ်ထားပြီး နိုင်ငံပေါင်း ၅၅ နိုင်ငံရှိ မြို့ကြီး ၁၇၅ မြို့သို့ ပျံသန်းမှုများ ဆောင်ရွက်နေကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ တောင်ပိုင်းဒေသနှင့် အာဆီယံ ၂၀၀၄ ခုနှစ်အတွင်း နိုင်ငံခြားကုန်သွယ်မှု မြင့်တက်ခဲ့

နန်နင်း ဇန်နဝါရီ ၂၀

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီကျောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) အဖွဲ့ဝင် ၁၀ နိုင်ငံအကြား နိုင်ငံခြားကုန်သွယ်မှုသည် ၂၀၀၄ ခုနှစ်က အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိရှိခဲ့ကြောင်း ဒေသအကောက်ခွန်စာရင်းဇယားများက ဖော်ပြသည်။

အဆိုပါကိန်းဂဏန်းသည် အမေရိကန်ဒေါ်လာ သန်း ၆၄၀ ဖိုး တင်ပို့မှုအပါအဝင်ဖြစ်ပြီး ထို့အရင်နှစ်ကထက် ၂၁ ရာခိုင်နှုန်းမြင့်တက်ကာ လွန်ခဲ့သည့်နှစ်ကထက် ၁၅ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ တင်သွင်းမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၃၆၀ ရှိကာ ထို့အရင်နှစ်ကထက် ၃၂ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

မှတ်ပုံတင်

ကွမ်စီကျောင်ဒေသသည် ၂၀၀၄ ခုနှစ်အတွင်း၌ နိုင်ငံခြားကုန်သွယ်မှု အမေရိကန်ဒေါ်လာ လေးဘီလီယံ မှတ်ပုံတင်ရရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်ကထက် ၃၄ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟု ဆိုသည်။ အာဆီယံသည် ခြောက်နှစ်အတွင်း ကွမ်စီကျောင်ဒေသ၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်ခဲ့သည်။ အဆိုပါဒေသသည် အာဖရိကနှင့် လက်တင်အမေရိက ဈေးကွက်သစ်များ ရှာဖွေနေစဉ်တွင် ၂၀၀၄ ခုနှစ်အတွင်း ဂျပန်နှင့် အခြားအစဉ်အလာရှိသော ဈေးကွက်များနှင့် စီးပွားဖက်အဖြစ် တည်ငြိမ်မှုရှိခဲ့သည်။

အဓိကတင်ပို့

ကွမ်စီကျောင်ဒေသမှ အဓိကပို့ကုန်များသည် သံဓာတ်မပါသော သတ္တုများ၊ အဝတ်အထည်များ၊ သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

၂၀၀၄ ခုနှစ်၌ မိုဘိုင်းလ်ဖုန်း သန်း ၁၄၀ တရုတ်ရောင်းချခဲ့

ပေကျင်း ဇန်နဝါရီ ၂၀

တရုတ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်၌ မိုဘိုင်းလ်ဖုန်း သန်း ၁၄၀ ကို တင်ပို့ရောင်းချခဲ့ကြောင်း တရုတ် ပြန်ကြားရေးဝန်ကြီးဌာန(အမ်အိုင်အိုင်)အရာရှိတစ်ဦးက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

အဆိုပါမိုဘိုင်းလ်ဖုန်း တင်ပို့မှုသည် ပြီးခဲ့သည့် နှစ်နှစ်အတွင်း လျင်မြန်စွာ တိုးတက်ခဲ့ကြောင်း ဗုဒ္ဓဟူးနေ့က ကျင်းပခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန (အမ်အိုင်အိုင်) အရာရှိ ဝမ်ဘင်ကီက ပြောကြားသည်။

ပြီးခဲ့သည့်နှစ်၌ မိုဘိုင်းလ်ဖုန်း တင်ပို့မှုသည် သန်း ၁၄၀ ထိရှိပြီး ၂၀၀၃ ခုနှစ်ကထက် ၆၆ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့သည်။

အမ်အိုင်အိုင်၏ ရည်မှန်းချက်အရ ၂၀၀၅ခုနှစ်အတွင်း၌ တရုတ်နိုင်ငံသည် မိုဘိုင်းလ်ဖုန်း သန်း ၂၆၀ ထုတ်လုပ်ဖွယ်ရှိရာ တစ်နှစ်ထက်တစ်နှစ် ၁၃ ရာခိုင်နှုန်းမြင့်တက်ဖွယ်ရှိသည်။ ၎င်းအနက် သန်း ၁၆၀ ကို ပြည်ပသို့ တင်ပို့ရောင်းချမည် ဖြစ်သည်။

ပြီးခဲ့သည့်နှစ်၌ အီလက်ထရွန်းနစ်ပြန်ကြားရေး ထုတ်ကုန်တင်ပို့မှုသည် သိသိသာသာ မြင့်တက်ခဲ့သည်။ ၂၀၀၄ခုနှစ်အတွင်း၌ အီလက်ထရွန်းနစ်ပြန်ကြားရေး ထုတ်ကုန်တင်ပို့မှုသည် ဒေါ်လာ ၂၀၀ ဘီလီယံဖိုးထိ ရှိခဲ့ရာ နိုင်ငံ၏ စုစုပေါင်းပို့ကုန်၏ ၃၄ ရာခိုင်နှုန်း ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရှန်ဟိုင်းမြို့ ဈေးတန်းတစ်နေရာတွင် တရုတ်နှစ်သစ်ကူးပွဲတော်အတွက် ရောင်းချရန် အလှဆင်ချိတ်ဆွဲပြသထားသော အနီရောင်မီးပုံးများကို ဇန်နဝါရီ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စစ်ဘက်သုံး ရဟတ်ယာဉ်အစင်း ၃၀၀ ကျော် ၂၀၁၀ ၌ ရုရှားတင်ပို့ရောင်းချပေးရန် စီစဉ်

မော်စကို ဇန်နဝါရီ ၂၀

ရုရှားနိုင်ငံသည် ခြောက်နှစ်တာကာလအတွင်း ပြည်ပဝယ်ယူသူများသို့ စစ်ဘက်ဆိုင်ရာရဟတ်ယာဉ် ၃၀၀ ကျော် ရောင်းချရန်စီစဉ်ထားကြောင်း စီးပွားရေးဖွံ့ဖြိုးမှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့၌ ပြောကြားလိုက်သည်။

၂၀၀၅-၂၀၁၀ ခုနှစ်အတွင်း ရုရှားနိုင်ငံသည် တိုက်ခိုက်ရေး ရဟတ်ယာဉ် ၂၅၀၊ ရေငုပ်သင်္ဘော တိုက်ဖျက်ရေးနှင့် ထောက်လှမ်းရေး ရဟတ်ယာဉ် ၇၀ ခန့်၊ ကုန်တင်ရဟတ်ယာဉ် ၁၀ စင်းကို ကမ္ဘာ့ဈေးကွက်သို့ ပို့ပေးနိုင်စွမ်းရှိမည်ဟု အင်တာဖက်သတင်းဌာနက သတင်းဖော်ပြသည်။

ခန့်မှန်း

ယခု ဆယ်စုနှစ်ကုန်ဆုံးသည်အထိ ကမ္ဘာ့ ဈေးကွက်သို့ စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ် ၃၀၀ ခန့် နှစ်စဉ်ရောင်းချပေးနိုင်မည်ဟု ရုရှား ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားသည်။

ရောင်းချ

အမေရိကန်ပြည်ထောင်စုက ၄၁ မှ ၄၃ ရာခိုင်နှုန်းအထိနှင့် ဥရောပက ၃၂ ရာခိုင်နှုန်း ကမ္ဘာ့ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချနေစဉ်တွင် ရုရှားနိုင်ငံက ၁၃ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းထိ ရဟတ်ယာဉ်များကို ကမ္ဘာ့ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချပေးရန် မျှော်လင့်ထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပါကစ္စတန်နှင့် သီရိလင်္ကာ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၀

ပါကစ္စတန်စီးပွားရေး ညှိနှိုင်းဆောင်ရွက်မှုကော်မတီ သည် သီရိလင်္ကာနှင့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်(အက်ဖ်တီအေ)ကို အတည်ပြုလိုက်ကြောင်း အရာရှိတစ်ဦးက အင်္ဂါနေ့တွင် ပြောသည်။

အဆိုပါအက်ဖ်တီအေသည် အခြားတစ်နိုင်ငံနှင့် ပထမဆုံးချုပ်ဆိုသော သဘောတူစာချုပ်ဖြစ်ကြောင်း ဝန်ကြီးချုပ်၏ အထူးအရာရှိ ဝါကာမာဆွတ်က သတင်းထောက်များအား ပြောကြားသည်။

အက်ဖ်တီအေနှင့်ပတ်သက်၍ သဘောကွဲလွဲချက်များအားလုံးကို ဖြေရှင်းပြီးကြောင်းနှင့် ပါကစ္စတန်သို့ သီရိလင်္ကာသမ္မတ လာရောက်လည်ပတ်စဉ်အတွင်း ယင်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ယင်းကဲ့သို့ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းသည် သီရိလင်္ကာနှင့် ပါကစ္စတန်၏ စီးပွားရေးနှင့် ကုန်သွယ်ရေးမြှင့်တင်မှုကို အထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အင်တာနက် ကဖီးဆိုင်တစ်ဆိုင် အတွင်း၌ အင်တာနက်ဖြင့် သတင်းပေးပို့နေကြသည်ကို ဇန်နဝါရီ၂၀ ရက်က တွေ့ရစဉ်။ (တောင်ကိုရီးယားမှ ကြေးနန်းဆက်သွယ်ရေး ကုမ္ပဏီ သုံးခုသည် မိုဘိုင်းလ်ဘရော့ဒ်ဘင် အင်တာနက်ကိုပေးမည့် ကြိုးမဲ့ အင်တာနက် ဝန်ဆောင်ခွင့် လိုင်စင်ရရှိထားသည်။)

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာလှည့်ခရီးသည်များရောက်ရှိမှု ကမ္ဘောဒီးယား၌သိသိသာသာတိုးတက်ခဲ့

ဖနောင်ပင် ဇန်နဝါရီ ၂၀

၂၀၀၄ ခုနှစ်၌ ကမ္ဘောဒီးယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များရောက်ရှိမှုသည် လွန်ခဲ့သည့်နှစ်ကထက် သိသိသာသာတိုးတက်ခဲ့ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက အင်္ဂါနေ့တွင် ကိန်းဂဏန်းများ၌ ဖော်ပြခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသို့ ၂၀၀၄ ခုနှစ်၌ ကမ္ဘာလှည့် ခရီးသည် ၁၀၅၅၂၀၂ ဦးအလည်အပတ်ရောက်ရှိခဲ့ရာ လွန်ခဲ့သည့်နှစ်က ရောက်ရှိခဲ့သည့် ၇၀၁၀၁၄ နှင့် နှိုင်းယှဉ်လျှင် ၅၀ ဒသမ ၅၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ကိန်းဂဏန်းများ၌ ဖော်ပြထားသည်။ ၂၀၀၄ ခုနှစ်အတွက် မိမိတို့၏ ခန့်မှန်းချက်ပြည့်မီခဲ့ကြောင်း ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန၏ စာရင်းအင်းနှင့် ခရီးသွားလုပ်ငန်း ပြန်ကြားရေးဌာန ညွှန်ကြားရေးမှူး မာရာဒီမီးက ပြောကြားသည်။

၂၀၀၄ ခုနှစ်တွင် ကမ္ဘောဒီးယားသို့ လာရောက်သည့် အများဆုံးနိုင်ငံမှာ တောင်ကိုရီးယား နိုင်ငံမှဖြစ်ပြီး တစ်နှစ်ပတ်လုံးလာရောက်မှုသည် ၁၂၈၄၂၃ ဦးဖြစ်ကာ ၂၀၀၃ ခုနှစ်ကထက် ၁၀၆ ဒသမ ၂၃ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ဒုတိယမြောက်အများဆုံးလာရောက်သည့်နိုင်ငံမှာ ဂျပန်နိုင်ငံမှဖြစ်ပြီး ၁၁၈၁၅၇ ဦးလာရောက်လည်ပတ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုက တတိယဖြစ်ကာ လာရောက်သူ ၉၄၉၅၁ ဦးရှိခဲ့သည်။

လာရောက်

၂၀၁၀ ပြည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ အလည်အပတ်လာရောက်သူ ၃ ဒသမ ၁၂ သန်း ရှိလိမ့်မည်ဖြစ်ကြောင်း မာရာဒီမီးက ပြောသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံတကာသတင်းများ

အာရှဘိုအောဖိုရမ်အစည်းအဝေး စွမ်းအင်ကိစ္စဦးစားပေးဆွေးနွေးမည်

ပေကျင်း ဇန်နဝါရီ ၂၀

အာရှတစ်ဝန်းလုံး ဖိုရမ်အစည်းအဝေးများ၌ စွမ်းအင်သည် ယခုနှစ်အတွက် အဓိကဆွေးနွေးမည့် အကြောင်းအရာဖြစ်ကြောင်း တရုတ်ဝါရင့်တာဝန်ရှိသူ တစ်ဦးက ဗုဒ္ဓဟူးနေ့၌ ပြောကြားလိုက်သည်။

အာရှဘိုအောနှစ်ပတ်လည် အစည်းအဝေး(ဘီအက်ဖ်အေ)ကို ဧပြီ၂၂ရက်မှ ၂၄ရက်တွင် ကျင်းပရန် စီစဉ်ထားကြောင်း၊ အာရှနိုင်ငံများသည် စွမ်းအင်ဈေး နှုန်းတည်ငြိမ်ရေးနှင့် စွမ်းအင်ရှာဖွေမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမျှတအောင် ဆောင်ရွက်ရေး လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ဘီအက်ဖ်အေအတွင်းရေးမှူးချုပ် လောင်ယောင်တူက ဗုဒ္ဓဟူးနေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

အဓိက အကြောင်းအရာသည် အာရှနိုင်ငံများ စွမ်းအင်အသုံးပြုမှု တိုးမြင့်လာခြင်းကို တုံ့ပြန်မည် ဖြစ်ကြောင်း သိရသည်။ ယင်းတို့သည် ကမ္ဘာ့စွမ်းအင်စနစ် ပိုမိုမျှတမှုဖြစ်စေရန် ထူထောင်သွားရေး မည်သို့ဆောင်ရွက်သင့်သည်ကို အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ကြကြောင်း ၎င်းက ပြောကြားသည်။

အာရှတွင် အဓိက ရေနံတင်သွင်းသည့် နိုင်ငံများမှာ ဂျပန်၊ တရုတ်၊ တောင်ကိုးရီးယားနှင့် အိန္ဒိယတို့ ပါဝင်ပြီး အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် အာရှအလယ်ပိုင်းနိုင်ငံများသည် ရေနံတိုးထုတ်လျက်ရှိကြောင်း လောင်ကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဆိုက်ဘေးရီးယားမှ ဆင်စွယ်များ

မျိုးသုဉ်းသွားပြီဖြစ်သော အမွေးရှည်ဆင်ကြီး တစ်မျိုး၏ ဆင်စွယ်များကို ဆိုက်ဘေးရီးယားဒေသ၌ ဇန်နဝါရီ၂၀ရက်က တွေ့ရှိခဲ့ရသည်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ၏စားအုန်းဆီတင်ပို့မှု ယခုနှစ်တွင် ၁၁ရာခိုင်နှုန်း တိုးမြှင့်ဖွယ်ရှိ

ဂျကာတာ ဇန်နဝါရီ ၂၀

ကမ္ဘာ့ဒုတိယအများဆုံး စားအုန်းဆီတင်ပို့သည့် နိုင်ငံဖြစ်သော အင်ဒိုနီးရှားသည် အိန္ဒိယနှင့် တရုတ်နိုင်ငံကဲ့သို့ နိုင်ငံများသို့ ယခုနှစ်တွင် စားအုန်းဆီ ၁၁ ရာခိုင်နှုန်းပိုမိုတင်ပို့ဖွယ်ရှိကြောင်း စားအုန်းဆီထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဒီရွမ်ဘန်ဂန်က ပြောကြားသည်။

တင်ပို့

အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ်၌စားအုန်းဆီ တန်၇ဒသမ ၈သန်းတင်ပို့ဖွယ်ရှိပြီး ၂၀၀၄ခုနှစ်၌ တန် ၇သန်းတင်ပို့ခဲ့ကြောင်း မွမ်ဘိုင်၌ ယနေ့ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်း၌ ဘန်ဂန်က ပြောကြားသည်။

စားအုန်းဆီသည် ဈေးနှုန်းချိုသည်ဖြစ်ရာ ဝယ်သူများပိုမိုလာမည်ဟု ဘန်ဂန်က ပြောကြားသည်။ စားအုန်းဆီတင်ပို့ရောင်းချရာတွင် မလေးရှားနိုင်ငံက ကမ္ဘာ၌ အများဆုံးဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံက ဒုတိယအများဆုံးဖြစ်သည်။

မြင့်တက်ဖွယ်

၂၀၀၃ခုနှစ်အတွင်း၌ အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီတန် ၆ ဒသမ ၃၉သန်းတင်ပို့ခဲ့ပြီး ယခုနှစ်၌ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမှုသည် တန် ၈၀၀၀၀၀နှင့် တစ်သန်းကြားထိ မြင့်တက်လာဖွယ်ရှိကြောင်း၊ ယမန်နှစ်က တန် ၇၀၀၀၀၀ တင်ပို့ခဲ့ကြောင်း ဘန်ဂန်က ပြောဆိုသည်။

၂၀၀၅ခုနှစ်တွင် အင်ဒိုနီးရှား၌ စားအုန်းဆီစိုက်ခင်း နောက်ထပ်ဟက်တာ ၃၀၀၀၀၀ခန့်တိုးလာမည်ဖြစ်ပြီး လောလောဆယ်၌ ဟက်တာ ၄ ဒသမ ၁ သန်းရှိသည်ဟု ဘန်ဂန်က ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်၏ ရန်လိုသော စစ်ရေးခြိမ်းခြောက်မှုများ အီရန်နိုင်ငံက ထိရောက်စွာ တုံ့ပြန်သွားမည်

တီဟီရန် ဇန်နဝါရီ ၂၀

အမေရိကန်ပြည်ထောင်စု၏ မှတ်ချက်ချပြောဆိုသော ခြိမ်းခြောက်မှုများအပေါ် အီရန်နိုင်ငံက တုံ့ပြန်ရာတွင် မည်သည့်ရန်လိုသော စစ်ရေးလှုပ်ရှားမှုကိုမဆို ခိုင်မာပြီးအကျိုးထိရောက်သည့်လုပ်ငန်းများ ချမှတ်ကျင့်သုံးပြီးတုံ့ပြန်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူက ဗုဒ္ဓဟူးနေ့၌ ပြောကြားလိုက်သည်။

မကြာသေးမီက အမေရိကန်အရာရှိအချို့၏ပြောဆိုချက်များသည် အမေရိကန်ပြည်ထောင်စု၏ စစ်မှန်သော သဘောထားနှင့် တစ်ကမ္ဘာလုံးတွင်အမေရိကန်ပြည်ထောင်စုကထားရှိသောရည်ရွယ်ချက်များကို ထင်ဟပ်ဖော် ပြကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူ ဟာမစ်ရီဇာအာဆီဖီက ပြောကြားသည်။

တင်ပြ

အီရန်နိုင်ငံကို စစ်ရေးအရအရေးယူမှုကို မိမိမငြင်းပယ်ကြောင်း သမ္မတဘုရှ်က တနင်္လာနေ့၌ ပြောခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး ကွန်ဒါလီဇာရိုက်စ်ကလည်း နျူကလီးယားလက်နက်များ အီရန်နိုင်ငံမထုတ်လုပ်နိုင်ရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းက အရေးယူဆောင်ရွက်ရန် တိုက်တွန်းခဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အီရန်၏ နျူကလီးယား ကိစ္စကို အဆုံးအဖြတ်ပေးရန် တင်ပြခဲ့သည်။

လမ်းမရှိ

ထိုမှတ်ချက်ပေးပြောဆိုချက်များသည် အီရန်ပြည်သူများ၏အာရုံကို အီရတ်၌ အမေရိကန်တို့ကိုယ်တိုင်ကြုံနေရသော ဒုက္ခအကျပ်အတည်းများအား သတိရအောင် ပြုလုပ်ခဲ့ကြောင်းအာဆီဖီကပြောကြားသည်။ အမေရိကန် ပြည်ထောင်စုအဖို့ ယင်း၏မူဝါဒများကိုပြန်လည်သုံးသပ်ခြင်းများရှိလျှင် ထိုဒုက္ခအကျပ်အတည်းများမှ လွတ်မြောက်ဖို့ လမ်းမရှိကြောင်း အာဆီဖီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

နိုင်ငံတကာ ကုန်စည်ပြပွဲ ဗီယက်နမ်၌ ကျင်းပမည်

ဟန္နိုင်း ဇန်နဝါရီ ၂၀

ဗီယက်နမ်နိုင်ငံသည် နိုင်ငံနှင့်ဒေသ ၂၀ကျော် ပါဝင်ဆင်နွှဲဖွယ်ရှိသည့် ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံးနှစ်ပတ်လည် နိုင်ငံတကာ ကုန်စည်ပြပွဲကို ဧပြီလတွင်ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကျင်းပမည်

(၁၅)ကြိမ်မြောက် နိုင်ငံတကာ ကုန်စည်ပြပွဲဖြစ်သော ဗီယက်နမ် အိပ်စ်ပို ၂၀၀၅ကို ဧပြီ၆ရက်မှ ၁၀ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး လယ်ယာထွက်ကုန်များ၊ စားသောက်ကုန်၊ လျှပ်စစ်နှင့်အီလက်ထရွန်းနစ် အသုံးအဆောင်များ၊အဝတ်အထည်၊ပရိဘောဂ၊ လက်မှုပစ္စည်းများ၊ စက်ယန္တရားများနှင့် ဆောက်လုပ်ရေးသုံး စက်ပစ္စည်းများ စသည်တို့ကို ပါဝင်ပြသသွားမည်ဖြစ်ကြောင်း ကုန်သွယ်မှုတိုးမြှင့်ရေးဌာနက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

မှတ်ပုံတင်

အလားအလာကောင်းသော အခွင့်အလမ်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိသော ဗီယက်နမ်နိုင်ငံ ခေါင်းစဉ်အကြောင်းအရာဖြင့် ငါးရက်ကြာ ကုန်စည်ပြပွဲ အစီအစဉ်သည် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ဝန်းကျင် တန်ဖိုးရှိသည့် စီးပွားရေး ကန်ထရိုက်စာချုပ်များ ရရှိဖွယ် ရှိသည်။

ပြောကြား

အကြမ်းဖျင်းအားဖြင့် တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ထိုင်း၊ ရုရှား၊ အမေရိကန်တို့ပါဝင်သော ပြည်ပ ၁၃ နိုင်ငံမှ ကုမ္ပဏီ ၁၆၀အပြင် ပြည်တွင်းစီးပွားရေးလုပ်ငန်း ၄၄၀တို့မှာ ကုန်စည်ပြပွဲ၌ ပါဝင်ပြသရန် မှတ်ပုံတင်ထားကြောင်းအဆိုပါဌာနကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပရိယတ္တိစာသင်တိုက်များနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ဗလာစာအုပ်ဒါဇင်နှစ်သောင်း ခွဲဝေလှူဒါန်းလျက်ရှိရာ ဇန်နဝါရီ ၁၉ရက်က ဦးဇော်မင်းဦး၊ ဇနီး ဒေါ်ခင်ခင်လှနှင့် ဝန်ထမ်းများက ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မာပါဠိပါရဂူ ပရိယတ္တိသာသနာလင်္ကာရအကျော် ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ (Ph.D)အရှင်သူမြတ်အား ဗလာစာအုပ် ဒါဇင်သုံးရာ ဆက်ကပ်လှူဒါန်းစဉ်။ (၀၅၄)

မကွေးတိုင်းဥက္ကဋ္ဌ စိုက်ပျိုးရေပေးဝေမှုစစ်ဆေး စပါးစိုက်ဧကတိုးချဲ့စိုက်ပျိုးရေး ဆွေးနွေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၂၁

မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ၁၀ ရက် နံနက်ပိုင်းတွင် ပွင့်ဖြူမြို့နယ် မဲဇလီရေလှောင်ဆည်သို့ ရောက်ရှိပြီး စိုက်ပျိုးရေပေးဝေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား စပါးစိုက်ဧက တိုးချဲ့စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေအပြည့်အဝပေးနိုင်ရေး ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဇန်နဝါရီ၁၁ ရက် နံနက် ၉ နာရီတွင် ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် မကွေးပညာရေးကောလိပ်၌ ကျင်းပသည့် လုပ်ငန်းခွင်အကြို ဆရာအတတ်သင် သင်တန်းအမှတ် ၈/၂၀၀၃ ဒုတိယနှစ်နှင့် ၉/၂၀၀၄ ပထမနှစ် သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ မကွေးပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးတင်ဆန်းက သင်တန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် မကွေးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရုံးခန်းမ၌ ကျင်းပသည့် အကြိမ်(၅၀)မြောက် ပြည်ထောင်စုဒိုင်း ပြည်နယ်နှင့်တိုင်း အလွတ်တန်းဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မကွေးတိုင်း ဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

မိတ်ဆက်ပေး

ဆက်လက်၍မကွေးတိုင်းဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးလွင်လင်းက မကွေးတိုင်းဘောလုံးအသင်း လေ့ကျင့်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ယင်းနောက် ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အကြိမ်(၅၀)မြောက် ပြည်နယ်နှင့်တိုင်း အလွတ်တန်းဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မကွေးတိုင်းဘောလုံးအသင်းအား ထောက်ပံ့ငွေနှင့် အောင်နိုင်ရေးအလံကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဇန်နဝါရီ၁၄ ရက် မွန်းလွဲပိုင်းတွင် ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် မကွေးမြို့ သဖန်းဆိပ်ကျေးရွာအနီးရှိ သဖန်းဆိပ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိပြီး ၂၀၀၅ခုနှစ်၌ မိုးစပါး ၁၀၉၄ ဧကနှင့် နွေစပါး ၃၅၄ ဧက စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ထပ်ဆင့်ရေတင်စက်ရုံ အမှတ် ၄၊ ၅၊ ၆ နှင့် ၇ တို့တွင် လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်း တပ်ဆင်ထားရှိမှုနှင့် ရေတင်စက်၊ ရေတင်ပိုက်များ တပ်ဆင်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်း ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူးနှင့် တာဝန်ရှိသူများက မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပါးစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✡ **ရှေ့ဖုံးမှ**

တီးမှုတ်ယှဉ်ပြိုင်

ထိုသို့ ယှဉ်ပြိုင်ရာတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က ရဲသွေးရဲမာန်၊ ဒို့စစ်သည်၊ မျိုးမြန်မာပြည်ရွာ စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၂) အရာခံအကြပ်ကြီးသင်ကျောင်း ကိုယ်စားပြု စစ်တီးဝိုင်းက ရဲသွေးရဲမာန်၊ ဒို့စစ်သည်၊ စံပြဒို့တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၃)က ဒို့စစ်သည်၊ ရဲသွေးရဲမာန်၊ ဗမာဒို့ရဲ့ တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း၊ အမှတ်(၈)စစ်အခြေခံ လေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်းက ပြည်သူ့သားကောင်း၊ ရဲသွေးရဲမာန်၊ ဒို့စစ်သည်စစ်ချီတေးများဖြင့် လည်းကောင်း၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက မျိုးချစ်ဇာနည်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၁)စစ်အခြေခံ လေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်းက ထာဝစဉ်နုပျိုနေတဲ့ ဒို့တပ်မတော်၊ ရဲသွေးရဲမာန်၊ တူယှဉ်ကာတိုက်စို့ စစ်ချီတေးများဖြင့် လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီအဖွဲ့ဝင် ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီး ခင်စိုးက အလှသရုပ်ပြဖျော်ဖြေကြသည့် တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် သာကေတမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲသို့ တပ်မတော်အရာရှိကြီးများ၊ အမှတ်ပေးအကဲဖြတ်အဖွဲ့များ၊ ဖိတ်ကြားထားသူများ၊ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပေါင်းလောင်းအသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ပေါင်းလောင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၂၀ ရက် နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ အာဇာနည်လမ်း ရှင်သာမဏေဓမ္မဗိမာန်တွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အသက်(၈၀) နှင့်အထက် အသင်းဝင်နှင့် အသင်းဝင်မိဘများ၊ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ သားသမီးများစာရင်းကို ဖေဖော်ဝါရီ၁၅ ရက် နောက်ဆုံးထား၍ ဦးမောင်ချစ် ဖုန်း-၅၄၀၀၃၄၊ ဦးမြင့်သိန်း ဖုန်း- ၆၆၄၅၂၃၊ ဒေါ်ခင်ထွေးရီ ဖုန်း- ၆၈၂၁၈၇ နှင့် အမှုဆောင်များသို့ ဆက်သွယ်စာရင်းပေးပို့ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ၂၁ရက်က စတုတ္ထအကြိမ် မြန်မာ့သ တင်း အ ချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ရက်သတ္တပတ်-၂၀၀၅ အကြိုခင်းကျင်း ပြသလျက်ရှိသော TCL ပြခန်းမှ TCL ကုမ္ပဏီထုတ် နောက်ဆုံးပေါ် အိုင်တီနည်းပညာသုံး အီလက်ထရွန်းနစ် ပစ္စည်းအသစ်များကို လေ့လာကြည့်ရှုကြသူများအား တွေ့ရစဉ်။

(သတင်း-ရှေ့ဖုံး) (မြန်မာ့အလင်း)

မြန်မာ I C T ရက်သတ္တပတ်
၂၀၀၅ ခုနှစ်
(၂၁-၁-၂၀၀၅) ရက်မှ (၂၇-၁-၂၀၀၅) ရက်အထိ
MICT Park၊ ရန်ကုန်မြို့။

စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅
(ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

ဇန်နဝါရီ ၂၂ ရက်၊ စနေနေ့

၀၉း၀၀-၁၇း၀၀	-	အကြို ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	-	ICT Product Presentation
၀၉း၀၀-၁၇း၀၀	-	ICT Competitions
၁၃း၀၀-၁၆း၃၀	-	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၃ ရက်၊ တနင်္ဂနွေနေ့

၀၈း၃၀	-	ဖွင့်ပွဲအခမ်းအနား
၁၀း၀၀-၁၇း၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၁၀း၀၀-၁၂း၀၀	-	ICT Product Presentation
၁၀း၀၀-၁၇း၀၀	-	ICT Competitions
၁၃း၀၀-၁၆း၃၀	-	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၄ ရက်၊ တနင်္လာနေ့

၀၉း၀၀-၁၇း၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	-	ICT Product Presentation
၀၉း၀၀-၁၇း၀၀	-	ICT Competitions
၁၃း၀၀-၁၆း၃၀	-	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့

၀၉း၀၀-၁၇း၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	-	ICT Product Presentation
၀၉း၀၀-၁၇း၀၀	-	Network Game ပြိုင်ပွဲ
၁၃း၀၀-၁၆း၃၀	-	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

၀၉း၀၀-၁၇း၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	-	ICT Product Presentation
၀၉း၀၀-၁၇း၀၀	-	Network Game ပြိုင်ပွဲ
၁၃း၀၀-၁၆း၃၀	-	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့

၀၉း၀၀-၁၇း၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၇း၀၀	-	Network Game နောက်ဆုံးပြိုင်ပွဲ
၁၃း၀၀-၁၆း၀၀	-	ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း
	-	ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း
	-	အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား

(တနင်္ဂနွေနေ့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ၊ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသပါမည်။)

MICT Park၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ ရန်ကုန်။

ဇန်နဝါရီ၂၁ရက်က လှိုင်မြို့နယ် MICT Park ၌ပြုလုပ်သည့် စတုတ္ထအကြိမ် မြန်မာ့သ တင်း အ ချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ရက်သတ္တပတ် - ၂၀၀၅ အကြို ခင်းကျင်းပြသထားသော Advanced Technologies & Solutions ပြခန်း၌ပြပွဲလာပရိသတ်များ ကြည့်ရှုစဉ်။(သတင်း-ရှေ့ဖုံး)

(မြန်မာ့အလင်း)

မင်္ဂလာဗျူဟာအသင်းချုပ် ဩဝါဒခံယူပွဲ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာ သင်တန်းကျောင်းတွင် ဩဝါဒါစရိယ ဆရာတော်ကြီးကိုးပါး၏ ဩဝါဒခံယူပွဲအား ဇန်နဝါရီ၂၄ ရက် (တနင်္လာနေ့) ပြာသိုလပြည့်နေ့ နံနက်၉ နာရီ၌ အသင်းချုပ် ဓမ္မသဘင်ခန်းမတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်အားလုံး မပျက်မကွက်တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု ဒိုက်ဦးမြို့တွင် ကျေးလက်ဂဝံလမ်းဖွင့်

ဒိုက်ဦး ဇန်နဝါရီ ၁၀

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ရှမ်းစု-ပွဲတမော့(ရှမ်းစုအကွက်ပိုင်း)ကျေးလက်ဂဝံလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ရှမ်းစုကျေးရွာ၌ကျင်းပရာ ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်း တက်ရောက်သည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးအေးငွေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဝင်းသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းအားဖြတ်သန်းကြည့်ရှုကြသည်။ **(အောက်ပုံ)**

အဆိုပါလမ်းမှာ အရှည်ပေ ၁၂၈၀နှင့်အကျယ် ၁၀ ပေရှိပြီး မြို့နယ်စည်ပင်မှ ငွေကျပ် ၂၁၇၅၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မကွေးတိုင်း မြို့သစ်မြို့နယ် ပွေးကုန်းကျေးရွာတွင် ကျေးလက်ဒေသ သောက်သုံးရေရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်က တစ်လက်မခွဲ လက်နှိပ်တုံကင် တွင်းတိမ်ဖွင့်ပွဲကျင်းပရာ အမှုဆောင်အရာရှိ ဦးငွေဝင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဖဲကြိုးဖြတ်ဖွင့်

ဇန်နဝါရီ ၃ ရက်က ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဖိုးပက်လန်ချောင်းကူးတံတားနှင့် မြို့ပြကျောက်ချောလမ်းများ ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဒွေးနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

လင်းခေးမြို့နယ်တွင် ဂါလန် ၆၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်

လင်းခေး ဇန်နဝါရီ ၂၀

စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ လင်းခေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် မြို့ရေပေးရေးလုပ်ငန်း ဂါလန် ၆၀၀၀၀ဆံ့ ရေစုကန် အလျား ပေ၅၀၊ အနံပေ ၃၀၊ အမြင့်ကိုးပေ တည်ဆောက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၉ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနိုနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးကြီးကြပ်ဆောင်ရွက်ပေးသည်။

မိုးနဲမြို့နယ်

အလားတူ မိုးနဲမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် မြို့တွင်းလမ်း ၁၃ လမ်း၊ အရှည်နှစ်မိုင်၊ အကျယ် ၁၂ပေ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းအတွက် လမ်းခင်းကျောက်များ စုဆောင်းရရှိမှုနှင့် အမာခံကျောက်လမ်းခင်းခြင်းလုပ်ငန်းများသို့ ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနိုနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေး ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

တောင်ကြီးမြို့တွင် မြို့သာယာလှပရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

တောင်ကြီး ဇန်နဝါရီ ၄

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ဈေးများ၌ အမှိုက်ကန်များ၊ အမှိုက်ပုံးများကို ပုံမှန်နေ့စဉ်သိမ်းဆည်းခြင်း၊ ရပ်ကွက်များအတွင်း ခေါင်းလောင်းတီးစနစ်ဖြင့် သိမ်းဆည်းခြင်းများကို အဖွဲ့ပိုင် အမှိုက်သိမ်းယာဉ် ၁၁ စီးဖြင့် ဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းသုံးယာဉ်များအား အဖွဲ့ပိုင် သစ်တောရပ်ကွက်၊ မော်တော်ယာဉ်ဝင်းအတွင်း၌ ယာဉ်ကြံ့ခိုင်ရေး ဆောင်ရွက်ခြင်း၊ ယာဉ်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များနှင့် စက်ပြင် ဝန်ထမ်းများက ဒီဇင်ဘာ ၁၃ ရက်က စုပေါင်းဆောင်ရွက်ရာ တာဝန်ခံ အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်လှသောင်း၊ လက်ထောက်အင်ဂျင်နီယာ(စက်မှု)နှင့်ဒု-ဦးစီးမှူး(သန့်ရှင်းရေး)တို့က ကြီးကြပ် ဆောင်ရွက်ပေးကြောင်းသိရသည်။ **(နယ်စပ်/စည်ပင်)**

လပွတ္တာမြို့နယ် ညောင်လန်းကျေးရွာအုပ်စုတွင် ရွှေညောင်လင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးအိုင်ပီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

သထုံမြို့ အမှတ်(၁)ကျောင်းလမ်း ကတ္တရာလမ်းခင်းဆောင်ရွက်

သထုံ ဇန်နဝါရီ ၂

သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး)ဦးသက်ဦးရှိန်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၄ရက်က သထုံမြို့တွင်း အမှတ်(၁) ကျောင်းလမ်း ၂၄ပေ အကျယ် ကတ္တရာလမ်းခင်းခြင်း၊ လမ်းဘေးဝဲ/ယာတစ်လျှောက် ပလက်ဖောင်းပြုလုပ်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းများကို သတ်မှတ်စံချိန် စံညွှန်းနှင့် ကိုက်ညီမှုရှိမရှိ ကြည့်ရှုစစ်ဆေးကြသည်။ အမှတ်(၁) ကျောင်းလမ်းသည် အကျယ်၂၄ပေ၊အရှည် ၂၆၈၉ပေ ကတ္တရာလမ်းဖြစ်ပြီး ငွေကျပ်၃၀၂၀၀၀၀ အကုန်အကျခံ၍ လမ်းတိုးချဲ့ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **(နယ်စပ်/စည်ပင်)**

ဇီးကုန်းမြို့ ဈေးအရှေ့ပတ်လမ်းနှင့်စည်ပင်လမ်း အဆင့်မြှင့်ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်

ဇီးကုန်း ဇန်နဝါရီ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ် စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြ စည်ပင်သာယာရေး လုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် မြို့ပြနှင့်ကျေးလက်လမ်း လုပ်ငန်းများဖြစ်သည့် ဈေးအရှေ့ပတ်လမ်း အဆင့်မြှင့်ကတ္တရာခင်းခြင်းလုပ်ငန်း အရှည်၄၆၈ပေ၊ အကျယ် ၁၂ပေနှင့် စည်ပင်လမ်းအပိုင်း အဆင့်မြှင့်ကတ္တရာခင်းခြင်းလုပ်ငန်း အရှည် ပေ၂၇၀၊ အကျယ် ၁၂ပေ တို့အား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**



တွင်းတူးစက်ဖြင့် တူးဖော်

ဒီဇင်ဘာ ၂၆ရက်က မြင်းခြံမြို့ ခြေဆေးကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းက အဖွဲ့ပိုင် ရေတွင်းတူးစက်ဖြင့် တူးဖော်စဉ်။ (မြို့နယ်စည်ပင်)

ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်ချုပ်စောထွန်းလုပ်ငန်းလိုအပ်ချက်များဖြည့်ဆည်းမှာကြား

ရန်ကုန် ဇန်နဝါရီ ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့်၁၂နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ လမ်း၊ တံတား အဆောက်အအုံနှင့် လေယာဉ်ကွင်းစီမံကိန်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ အင်ဂျင်နီယာမှူးများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

ဖြည့်ဆည်းမှာကြား

အစီအစဉ်အရ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းက လုပ်ငန်းများနှင့် ပတ်သက်၍ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် လှိုင်လင်-ပန်ကေတု - လဲချား - မိုင်းကိုင်လမ်း (လဲချား-မိုင်းကိုင်အပိုင်း) ပြုပြင်ဖောက်လုပ်ရေး လုပ်ငန်းအတွက် အလှူငွေကျပ် သိန်း၅၀၀ကို အိုလံပစ်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးအိုက်ထွန်းက ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက လက်ခံသည်။

အမျိုးသားစာပေဆု

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ၂၀၀၃ခုနှစ် အမျိုးသားစာပေဆု (ကဗျာပေါင်းချုပ်) ဆုရ စလင်းဘုန်းကျော် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး(အုပ်ချုပ်မှု) ဗိုလ်မှူးသန်းအေးအား ဂုဏ်ပြုဆု ချီးမြှင့်သည်။

ယင်းနောက် (၃၇)ကြိမ်မြောက် ဌာနခွဲပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲတံခွန်စိုက်ဒိုင်းဆုများကို ဝန်ကြီးထံ ပြေးခုန်ပစ် ဆပ်ကော်မတီဥက္ကဋ္ဌက အပ်နှံသည်။

ဂုဏ်ပြုဆုများပေးအပ်

ဆက်လက်၍ဝန်ကြီးက ပြည်ပနိုင်ငံများ၌ ဆုတံဆိပ်ရရှိခဲ့ကြသည့် အားကစားသမားများနှင့် ဝန်ထမ်းသားသမီးများမှ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးငါးဘာသာ ရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်သည်။

အားကစား

ယင်းနောက် ဒုတိယဝန်ကြီး ဦးတင့်ဆွေက ရွှေတံဆိပ်ဆုရ အားကစားသမားများ၊ အကောင်းဆုံးနည်းပြဆု ရရှိသူနှင့် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးလေးဘာသာရရှိသူများအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ငွေတံဆိပ်ဆုရ အားကစားသမားများနှင့် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင်ဂုဏ်ထူး သုံးဘာသာ ရရှိသူများအားလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ဆောက်လုပ်မှု စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်က ကြေးတံဆိပ်ဆုရ အားကစားသမား များအားလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ဇော်နှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းတို့က ပြည်နယ်နှင့်တိုင်းများမှ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာနှင့်အထက် ရရှိသူများ အတွက်သက်ဆိုင်ရာ အင်ဂျင်နီယာမှူးကြီးများအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ၂၀၀၃ခုနှစ် အမျိုးသားစာပေဆုရှင် (ကဗျာပေါင်းချုပ်) ဆုရရှိသူ စလင်းဘုန်းကျော် (ဗိုလ်မှူးသန်းအေး၊ ဒုတိယညွှန်ကြားရေးမှူး ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း) အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။
(သတင်းစဉ်)

✡ ကျော့ဖုံးမှ

မမြရေလှောင်တမံ စီမံကိန်းပြီးစီးပါက စိုက်ပျိုးမြေဧက ၁၀၀၀၀ကို ဆည်ရေပေး၍ သီးထပ်သီးနှံ စိုက်ပျိုးနိုင်မည်ဖြစ်သည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဝန်ကြီးသည် နန်ကသူ ရေလှောင်တမံ ဆည်ရေသောက်ဧရိယာ ကွင်းကောက်ဒေသ၌ နွေစပါး ဧက၆၂၀၀ စိုက်ပျိုးဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်း၊ ဟသ်ာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ပြုံးနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဧရာဝတီတိုင်းမန်နေဂျာ ဦးလှမျိုးတို့က ရှင်းလင်းပြသကြသည်။

ယင်းနောက် ဝန်ကြီးသည် အင်္ဂပူမြို့နယ် ရေနက်ကွင်းလယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းဒေသရှိ နွေစပါးဧက ၄၀၀နှင့် နွေသီးနှံစိုက်ပျိုးရန် ပြုလုပ်ထားသည့် လမ်းဖြစ်၊ တာဖြစ်၊ တာတမံငယ်ကို လည်းကောင်း၊ အင်္ဂပူမြို့နယ်အတွင်း အောင်မြင်ဖြစ်ထွန်းနေသောနွေစပါးနှင့် ပဲမျိုးစုံစိုက်ပျိုးမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ တာတမံငယ် ပြုလုပ်ခြင်းဖြင့် ဧက၂၀၀၀ သီးနှံစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် ဟသ်ာတမြို့နယ် မြို့ကွင်းလျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးငွေလွင်နှင့် စီမံကိန်းတာဝန်ခံ ဦးတင်မောင်ဦးတို့က မြို့ပြ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ လျှပ်စစ်တပ်ဆင်ရေး လုပ်ငန်းညှိနှိုင်းမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးသည် မြို့ကွင်းလျှပ်စစ်မြစ်ရေတင်ရေသောက်ဧရိယာရှိ ရေတင် အဆင့်(၂)ဆင့်ဖြင့် ငဝန်မြစ်မှ ရေပေးမည့် ရေသွယ်မြောင်းများနှင့်ဆက်စပ် ဧရိယာရှိ ကျေးရွာအုပ်စုများ၏ သီးနှံပုံစံ စိုက်ပျိုးမှုတို့ကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆွေးနွေးပြီး ယခင်က တစ်နှစ် နှစ်သီး စိုက်ပျိုးခဲ့ရာမှ မြစ်ရေတင်စီမံကိန်းဖြင့် တစ်နှစ်သုံးသီး စိုက်ပျိုးလာနိုင်မည်ဖြစ်၍ ဒေသနှင့်ကိုက်ညီသော သီးနှံပုံစံချမှတ်ပေးရေး၊ တောင်သူလယ်သမားများ စီးပွားဖွံ့ဖြိုးတိုးတက်စေရန် ဌာနဆိုင်ရာများက ဝိုင်းဝန်းပံ့ပိုးကူညီရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရေသွယ်မြောင်း အတွင်းပိုင်းနံရံ၌ ကပ်မည့် ပိုဇိုလန်ကျောက်ပြားနမူနာများနှင့် ပြီးစီးနေသော ပင်မရေမြောင်း၊ တူးမြောင်းများကို လည်းကောင်း၊ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ပဲစိုက်ခင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိမ်ဖြစ်ထွန်းမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကျေးလက်ဒေသ သောက်သုံးရေဖူလုံရေး လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၁

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက် ပေ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၅ ၄၂၀၊ ၂၅၁၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၈၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။ **(နယ်စပ်စည်ပင်)**

မင်းဘူးခရိုင်အသင်း သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၁

မင်းဘူးခရိုင်အသင်း (ရန်ကုန်)၏(၅၅)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့်သက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းကြားတောရလမ်း၊ ကုန်သွယ်လယ်ယာ ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ရာ မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ စကု၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်း၊ စေတုတ္တရာ၊ ငဖဲမြို့နယ်များမှ ရန်ကုန်ရောက် ခရိုင်သူခရိုင်သားများ အသင်းဝင်ပြီးဖြစ်စေ၊ မဝင်ရသေးသူများဖြစ်စေ၊ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

မင်းဘူးခရိုင် အသင်းဝင်များမှ အသက် (၇၅)နှစ်ပြည့်သော ပုဂ္ဂိုလ်များအား ပူဇော်ကန်တော့ပြီး ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်များ၏သားသမီးများအား ဆုချီးမြှင့်မည်ဖြစ်ရာ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများသည် ဥက္ကဋ္ဌ ဦးဝင်းဖေ ဖုန်း-၇၀၄၇၈၆နှင့် အတွင်းရေးမှူး ဗိုလ်မှူးတင့်ဝေ(ငြိမ်း) ဖုန်း-၅၇၇၇၄၃ တို့သို့ ဆက်သွယ်စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

မီးသုံးစွဲလျှင် အသိဃုဉ် အစဉ်သတိ အမြဲရှိ

ကာကွယ်ဆေးတိုက်ကျွေးထိုးနှံရေးဆိုင်ရာ ပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲမှ ဆောင်ရွက်သည့် ကာကွယ်ဆေးတိုက်ကျွေးထိုးနှံရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်၁၀နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁) စစ်မှုထမ်းဟောင်း စံပြရွာ တိုက်နယ်ဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါက်တာဒေါ်သက်သက်ဇင်က အမှာစကား ပြောကြားပြီး ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက် လက်ထောက်စီမံချက်မန်နေဂျာ ဒေါက်တာဒေါ်ခင်လှိုင်ဝေက ကာကွယ်ဆေးတိုက်ကျွေးထိုးနှံရေးဆိုင်ရာများကို ပညာပေးဟောပြောသည်။

ဟောပြောပွဲအပြီးတွင် ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းနှင့် ပတ်သက်သည့် ဉာဏ်စမ်းပဟေဠိများကို ဖြေဆိုကြပြီး အဖြေမှန်ဖြေဆိုသူများကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင်များက ဆုများချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

အာဆီယံ+၃ နိုင်ငံများမှ လယ်ယာသတင်းအချက်အလက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေး
နှင့်
အာဆီယံရိက္ခာလုံခြုံရေးသတင်းစနစ် စီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာ တတိယအကြိမ်အစည်းအဝေး
၂၀၀၅ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ
ကန်တော်ကြီးပဲလေ့ဟိုတယ်၊ ရန်ကုန်မြို့။

စစ်ကိုင်းတိုင်း ခန္တီးမြို့ ကျေးလက်ကျန်းမာရေးအဆောက်အအုံဖွင့် ခန္တီး(ဆင်သေ)-လဟယ်ကားလမ်းဖောက်လုပ်၊ နန်စလိန်တံတားတည်ဆောက်မည်

ရန်ကုန် ဇန်နဝါရီ ၂၁

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက ခန္တီးမြို့ ဇီးဖြူကုန်းရပ်ကွက် အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ရာ အစီအစဉ်အရ ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးသက်မောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးရှင်ဘတို့က နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ဧည့်သည်တော်များနှင့်အတူ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် အခမ်းအနားကို အဆိုပါ ကျောင်းဆောင်သစ်ခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးကျော်ဇောက ကျောင်းဆောင်သစ်ဖြစ်ပေါ်လာမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းမှူးက သင်ထောက်ကူစာအုပ်များနှင့် ဗွီစီဒီခွေများ၊ ကျောင်းသုံးဗလာစာအုပ်နှင့် အားကစားပစ္စည်းများကို မြို့နယ်ပညာရေးမှူးထံသို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက်တိုင်းမှူးက ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းအမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အကုန်အကျခံတည်ဆောက်

အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်မှာ အလျားပေ၄၀၊ အနံ ၂၆ပေရှိ ကွန်ကရစ်ခင်း၊ အုတ်ကာ၊ သွပ်မိုးအမျိုးအစားဖြစ်ပြီး ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ စုပေါင်းလှူဒါန်းငွေ ၃၆၉၆၃၂၅ကျပ် အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဆရာဝန် ဒေါက်တာ ဇော်သိန်းကျော်နှင့် ရပ်မိရပ်ဖတစ်ဦးတို့က ကျေးလက် ကျန်းမာရေးအဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးသည် တက်ရောက်လာကြသူများနှင့်အတူ ကျေးလက်ကျန်းမာရေးအဆောက်အအုံကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးသည် ဆင်သေတွဲဖက်အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးအား ဗလာစာအုပ်နှင့်အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

အဆိုပါ ကျေးလက်ကျန်းမာရေးအဆောက်အအုံမှာ အလျားပေ ၃၀၊ အနံ ၁၈ပေရှိ ကွန်ကရစ်ခင်း၊ အုတ်ကာ၊ သွပ်မိုးအမျိုးအစားဖြစ်ပြီး ဌာနဆိုင်ရာများနှင့်ဒေသခံပြည်သူများ စုပေါင်းဆောက်လုပ် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် တိုင်းမှူးသည် ခန္တီး(ဆင်သေ)-လဟယ်ကားလမ်းပေါ်ရှိ ပင်လုံရွာသစ်ဘုန်းတော်ကြီး ကျောင်းသို့သွားရောက်၍ အဆိုပါကျောင်းဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တိုင်းမှူးက တာဝန်ရှိသူများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးသည် ခန္တီး(ဆင်သေ)-လဟယ်ကားလမ်း(၁၇/၆) မိုင်ရှိလုပ်ငန်းခွင်စခန်းသို့ရောက်ရှိရာလမ်းဖောက်လုပ်ရေးတာဝန်ခံက လမ်းပိုင်းအလိုက်လမ်းဖောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် (၂၄/၆)မိုင်ရှိ နန်စလိန်တံတားတည်ဆောက်မည့်နေရာသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအချိန်မီပြီးစီးရေး လိုအပ်သည်များကို ကြိုတင်စီစဉ်ဆောင်ရွက်ရန်မှာကြားကာ နန်စလိန်တံတားဆောက်လုပ်ရန်လျာထားသည့်မြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ်အတွင်း ရွှေရတု စိန်တိုးကျောင်းဆောင်တော်ကြီး ဆောက်လုပ်ရန်အတွက် မိုးညှင်းယောဂီ ဒေါ်တင်ပုက အလှူငွေကျပ် ၂၁၀၀၀၀ လှူဒါန်းရာ အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သင်းက လက်ခံယူစဉ်။ (က-ပ)

EEG စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်း မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး၌ အသုံးပြုသွားမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ကျန်းမာရေးဝန်ကြီးဌာနသို့ ဩစတြေးလျ မြန်မာအသင်းက ကမကထပြုလုပ်၍ ဂျာမနီနိုင်ငံ Erlangen မြို့ Klinikum University မှ EEG စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ၁၈ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုလွှာပြန်လည်ပေးအပ်

လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင်များကိုယ်စား ဘာလင်မြို့ ပြည်ထောင်စုမြန်မာနိုင်ငံသံရုံးမှ သံအမတ်ကြီး ဦးညွန့်မောင်ရိန်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူပစ္စည်းကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးဒေါက်တာကျော်မြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ EEG စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး Epilepsy Unit ၌ အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်မြတ် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာဓမ္မရံသီ အိမ်တော်ရာ စေတီတော်မြတ်ကြီး၏ (၁၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ပြာသိုလပြည့်နေ့ (ဇန်နဝါရီ၂၄ရက်) တနင်္လာနေ့ ညနေ၃နာရီတွင် စေတီတော်ရင်ပြင်တော်ပေါ်၌ ကျင်းပမည်ဖြစ်သည်။ ယင်းလောင်းလှူပွဲအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် သံဃာတော် ၆၃ပါး ကြွရောက်တော်မူမည်ဖြစ်ရာ အလှူရှင်များ တက်ရောက်လှူဒါန်းနိုင်ကြောင်းနှင့် ဖုန်း-၃၈၃၇၉၄ သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

အရှည် ၁၆၇၂ ပေ၊အကျယ် ၁၂ ပေရှိ ဆင်းသီရိ လမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၊ အရှည်ပေ ၂၂၀၊ အကျယ် ၁၄ ပေရှိ မင်းကုန်းဘုန်းကြီးကျောင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အရှည်ပေ ၄၀၀၊ အကျယ် ၁၂ပေရှိ ရွာပုန်းလမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် အရှည်ပေ ၅၀၀၊ အကျယ် ၁၂ပေရှိ ကံ့ကော်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၀ရက်က ဆောင်ရွက်ကြသည်။

ကသာမြို့နယ်

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အရှည်ပေ ၄၅၀၊ အကျယ် ၁၂ ပေရှိ မီးရထားရိပ်သာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း၊ အရှည်ပေ ၁၀၁၀၊ အကျယ်ပေ ၂၀ရှိ ကုန်သည်လမ်း ရေပိတ်ကတ္တရာလောင်းခြင်းလုပ်ငန်း၊ အရှည်၂၂ မိုင် ၇ဖာလုံ၊ အကျယ် ၁၂ ပေရှိ ကသာ-လေ့ဘိုလမ်း ဂျင်းကျောက်ခင်းခြင်း၊ အရှည် ကိုးမိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေရှိ အင်းဒရန့်-ငါးအိုးလမ်း ဂျင်းကျောက်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ရမည်းသင်းမြို့နယ်

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် မြို့ပေါ်ငါးရပ်ကွက်အတွင်းရှိ အိမ်ခြေ၃၅၄၈အိမ်၊ လူဦးရေ ၁၈၅၇၈ဦးတို့အား ဇန်နဝါရီ ၂၀ရက်က သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် ဥသျှစ်ကုန်းကျေးရွာအနီး ရှစ်လက်မ စက်ရေတွင်းသုံးတွင်းအား အနက်ပေ ၁၀၀၀ အထိ တူးဖော်၍ လက်ရှိပေးဝေနေသော ရေပေးရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်သည်။

အဆိုပါ ရှစ်လက်မ စက်ရေတွင်းသုံးတွင်း တူးဖော်ပြီးစီးပါက လက်ရှိမြို့ရေပေးရေးတွင် အသုံးပြုနေသော ရေဂါလန် ၁၂၀၀၀၀ ဆံ့ မြေအောက်ကန်သို့ ရှစ်လက်မပိုက်များ သွယ်တန်းပေးပို့ပြီး ရေဂါလန် ၆၀၀၀၀ ဆံ့ စင်မြင့်ကန် နှစ်ကန်ပေါ်သို့ တင်ပို့၍ မြို့ပေါ်ရပ်ကွက်များသို့ တိုးချဲ့ပေးဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်/ခရီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ စင်ကာပူအခြေစိုက်ကုမ္ပဏီဥက္ကဋ္ဌနှင့်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၁

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူအား စင်ကာပူနိုင်ငံအခြေစိုက် Navitas Management Pte. Ltd. ကုမ္ပဏီမှ ဥက္ကဋ္ဌဖြစ်သူ Mr. Willian Tan နှင့် အဖွဲ့သည် ယမန်နေ့နံနက်၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဌေးအောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအရည်အသွေးမြှင့်တင်ရေး...

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအရည်တည်တံ့ရေး အထောက်အကူပြုဆွေးနွေးပွဲ ဗဟန်းမြို့နယ်၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် မြို့နယ်အတွင်းဖွင့်လှစ်ပြီးသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ အရှည်တည်တံ့ရေးအတွက် တတိယအကြိမ် အထောက်အကူပြုဆွေးနွေးပွဲကို ဇန်နဝါရီ ၁၂ ရက်ကကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စာပေဝါသနာရှင်များ၊ ရပ်ကွက်စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၁၅၃၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထား ပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

အငြိမ်းစားတို့ စကားဝိုင်း (၄)

တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ဝန်ကြီးချုပ်အပါအဝင် အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပါသည်။ ထိုသို့ ရွေးချယ်ဖွဲ့စည်းတာဝန်ပေးအပ်ရာမှာ ချမှတ်ထားသော မူဝါဒများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို သစ္စာရှိရှိဖြင့် နိုင်ငံတော်၏အကျိုးအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်အကောင်အထည်ဖော်နိုင်မည်ဟု ယူဆထားသော ပုဂ္ဂိုလ်များကို ရွေးချယ် တာဝန်ပေးထားကြောင်းလည်း သိရပါသည်။

ထိုသို့ ရွေးချယ်တာဝန်ပေးထားသူများအနက် နိုင်ငံတော်၏ မူဝါဒများ၊ နိုင်ငံတော်၏ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများကို ဆန့်ကျင်သွေဖည်သွားသူများ၊ အကြောင်းအမျိုးမျိုးကြောင့် ပြည်သူများ၏ အကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်နိုင်စွမ်း မရှိတော့သူများကို တာဝန်ပေးအပ်ထားခြင်းမှ ရုပ်သိမ်းခဲ့သည်ကို တွေ့ရပါသည်။ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်နစ်နာစေမည့် အခြေအနေအချိန်အခါတိုင်းတွင် နိုင်ငံတော်၏ မျက်နှာကိုသာကြည့်ပြီး လိုအပ်သော အရေးယူဆောင်ရွက်မှုများကို ပြတ်ပြတ်သားသား ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရှိနေရပါသည်။

ရွေးချယ်တာဝန်ပေးအပ်ခံထားသူများအတွက် ကွပ်ကဲကြပ်မတ်မှုနှင့် အုပ်ချုပ်မှုသဘောသဘာဝအရ ချမှတ်လမ်းညွှန်ပေးထားသော မူဝါဒနှင့် ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန် အလို့ငှာ လုပ်ပိုင်ခွင့်အာဏာများကိုပါ တစ်ပါတည်းပေးထားရပါသည်။ အကောင်အထည်ဖော်ရသူများအနေဖြင့်လည်း အထက်လူကြီး၏ ကွပ်ကဲကြပ်မတ်မှုအနည်းဆုံးဖြင့် မိမိထံ၌ရှိသော လုပ်ပိုင်ခွင့်များကို မှန်မှန်ကန်ကန် အသုံးချ၍ နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးစီးပွားအတွက် စေတနာထားကာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အောင်မြင်အောင် ကြိုးစားလုပ်ဆောင်ကြရပေသည်။ ချမှတ်ထားသော မူဘောင်အတွင်းမှ အကောင်းဆုံးနည်းလမ်းကို သုံးသပ် ရွေးချယ်၍ ရည်မှန်းချက်အောင်မြင်ရန် လွတ်လွတ်လပ်လပ် လုပ်ဆောင်ခွင့်လည်း ရှိကြပါသည်။

အထက်ပါ အခြေအနေများနှင့် ကွပ်ကဲကြပ်မတ်အုပ်ချုပ်မှု၏ သဘောသဘာဝကို သိရှိနားလည်ထားကြပြီးသော ကျွန်တော်တို့ အငြိမ်းစားမိတ်ဆွေ သူငယ်ချင်းတစ်သိုက် ဆုံမိကြချိန်တွင်မူ–

"နိုင်ငံတော်အစိုးရအဖွဲ့မှာပဲဖြစ်ဖြစ်၊ အာဏာပိုင်အဖွဲ့တွေမှာပဲဖြစ်ဖြစ်၊ စစ်ဘက်နယ်ဘက်ဝန်ထမ်းတွေမှာပဲဖြစ်ဖြစ်၊ NGO အဖွဲ့အစည်းတွေမှာပဲဖြစ်ဖြစ် ဘယ်အဖွဲ့အစည်းမှာမဆို တာဝန်ထမ်းဆောင်ကြရသူ အဆင့်ဆင့်မှာ လုပ်ငန်းတာဝန်နဲ့ လုပ်ပိုင်ခွင့်ဆိုတာ ရှိကြရတာပဲ"

"အေးလေ တာဝန်ကြီးကြီးထမ်းဆောင်ရသူမှာ ကြီးမားသော လုပ်ပိုင်ခွင့်ရှိကြရသလို တာဝန်ငယ်ငယ် ထမ်းဆောင်ရသူမှာလဲ ထိုက်သင့်တဲ့ လုပ်ပိုင်ခွင့်တွေ ပေးထားရတာ သဘာဝပဲလေ။ ဒါမှလဲအလုပ်ဖြစ်မှာပေါ့"

"ခက်တာက လုပ်ပိုင်ခွင့်ကိုတော့ အပြည့်အဝရယူအသုံးချပြီး တာဝန်ကိုတော့ မကျေပွန်ကြ၊ ရည်မှန်းချက်အောင်မြင်အောင် မလုပ်ဆောင်နိုင်ကြတာတွေလဲ မင်းတို့ငါတို့ ဖြတ်သန်းလာခဲ့ရတဲ့ ဘဝလမ်းကြောင်းမှာ တွေ့ခဲ့ကြုံခဲ့ကြရတာပဲ မဟုတ်လား"

"ပိုဆိုးတာက လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုပြီး ကိုယ်ကျိုးရှာကြတာပဲလေ။ ကိုယ်ကျိုးရှာကြရာမှာလဲ ပထမတော့ နည်းနည်း နည်းနည်းနဲ့ နောက်ပိုင်းလောဘကို အတောမသတ်နိုင်တော့ဘဲ ချမ်းသာအောင်၊ ချမ်းသာရာမှ သားစဉ်မြေးမြစ်အထိ စားသုံးလို့မကုန်အောင် ဖြစ်လာကြတော့ နောက်ဆုံးတစ်နေ့ ဒုက္ခတွင်းထဲ သက်ဆင်းကြရတာပဲလေ"

"သတိသံဝေဂရစရာပေါ့ကွာ။ လူဆိုတာမွေးကတည်းက ဘာမှပါမလာသလို သေသွားရင်လဲ ဘာမှယူသွားလို့မှ မရတာ။ လောဘ၊ ဒေါသ၊ မောဟနဲ့ မာန်မာနတွေ လွန်လွန်ကဲကဲ မရှိကြဖို့ သင်ခန်းစာယူကြရမှာပေါ့ကွာ"

"ဈေးကွက်စီးပွားရေးစနစ်အရ ပုဂ္ဂလိကလုပ်ပိုင်ခွင့်များကို အားပေးနေတဲ့အချိန်မှာ စီးပွားရေးသမားအချို့က သူတို့အကျိုးစီးပွားအတွက် လုပ်ပိုင်ခွင့်ရှိတဲ့သူတွေထံ အကြိုက်ပေးလို့ နည်းအမျိုးမျိုးနဲ့ ချဉ်းကပ်သိမ်းသွင်းကြတော့တာပါပဲ။ ဒီတော့လဲ တော်ရုံတန်ရုံ ပုဂ္ဂိုလ်ကြီးငယ်တွေလဲ ယိမ်းယိုင်ကုန်ကြတာပေါ့။ မှန်မှန်ကန်ကန်လုပ်ကြတဲ့ စီးပွားရေးလုပ်ငန်းရှင်အချို့ကလဲ မမှန်မကန်လုပ်ပြီး ကိုယ်ကျိုးရှာသွားတဲ့ လုပ်ငန်းရှင်အချို့ရဲ့ လုပ်ရပ်တွေပေါ်အားကျပြီး လိုက်လုပ်ကြနဲ့ဆိုတော့ လောဘတွေ အတောမသတ်နိုင်အောင်ဖြစ်ကုန်ကြတာပေါ့"

"နိုင်ငံအတွက်၊ ပြည်သူအတွက်ဆိုတာထက် သူတို့ ကုန်ကျစရိတ်တွေကို ကာမိအောင် ပိုပြီးဈေးတင်ကြလို့ နောက်ဆုံး လူသုံး၊ အိမ်သုံးပစ္စည်းတွေ၊ အိမ်ဈေး၊ မြေဈေး၊ အခန်းဈေးတွေ အဆမတန်မြင့်တက်ကုန်ကြတာပေါ့"

"ဒါတွေကို သင်ခန်းစာရယူပြီး ဘာပဲလုပ်လုပ် အဖွဲ့စနစ်၊ ဈေးပြိုင်စနစ်တွေနဲ့ ကျယ်ကျယ်ပြန့်ပြန့်အသိပေးကြေညာပြီး မှန်မှန်ကန်ကန်လုပ်ကြမယ်ဆိုရင် အဂတိလိုက်စားမှုတွေ၊ အကျင့်ပျက်မှုတွေ လျော့ပါးသွားနိုင်ပါတယ်။ ထိန်းချုပ်လွန်းရင် အလုပ်မဖြစ်။ အလုပ်နှောင့်နှေးနိုင်သလို၊ စနစ်တကျမရှိ လုပ်ချင်တာလုပ်လို့ရနေရင်လဲ အဂတိလိုက်စားမှုတွေဖြစ်လာနိုင်ပါတယ်"

"နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ၂၄-၁၀-၂၀၀၄ ရက်နေ့ ရှင်းလင်းပွဲမှာ အတိအလင်းဆွေးနွေးမှာကြားထားတာတွေကို အားလုံးအလေးအနက်ထား သတိမူလိုက်နာသင့်ကြပါတယ်။ ဒါမှလဲ နိုင်ငံဖွံ့ဖြိုးမှုက အခုထက် ပိုမိုလျင်မြန်နိုင်မှာပဲလေ"

ဟိန်းမြင့်

၂၄-၁၀-၂၀၀၄ရက်နေ့ ရှင်းလင်းပွဲတွင် နိုင်ငံတော်အစိုးရနှင့် ပတ်သက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်က–

"အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင်လဲ နိုင်ငံတော်ကြီး၏ အကျိုးစီးပွား၊ တိုင်းရင်းသား အားလုံး၏ အကျိုးစီးပွားကို ကျယ်ကျယ်ပြန့်ပြန့် သွက်သွက်လက်လက်၊ ထိထိရောက်ရောက်၊ မှန်မှန်ကန်ကန် ထမ်းဆောင်နိုင်သည့် အစိုးရယန္တရားဖြစ်စေရေး၊ ကျင့်ဝတ်သိက္ခာချိုးဖောက်မှု၊ ဖောက်လွဲဖောက်ပြန်မှုနှင့် လာဘ်ပေး လာဘ်ယူမှုစသည့် ပြည်သူအပေါ် ဖိစီးနှိပ်စက်မှုများ မကျူးလွန်သည့် သန့်ရှင်းထက်မြက်သော အစိုးရယန္တရားဖြစ်စေရေးကို မျက်ခြည်မပြတ် ဦးတည်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း"

ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့ပြင် ဝန်ကြီးချုပ်က စီးပွားရေးလုပ်ငန်းရှင်များနှင့် ပတ်သက်၍–

"တိုးတက်မှု နှင့်အလုပ်၊ အလုပ်နှင့်စည်းကမ်းသည် ဒွန်တွဲလျက်ရှိသည်ကို အမြဲသတိထားရန် လိုအပ်ကြောင်း၊ စည်းမရှိ၊ ကမ်းမရှိ၊ စနစ်မရှိ တစ်ဦးကောင်းတစ်ယောက်ကောင်း ကြီးပွားချမ်းသာရေးအတွက် ပုဂ္ဂိုလ်ရေးအရ စောင့်ရှောက်ကာကွယ်မှုထက် မူဝါဒအရ၊ ဥပဒေစည်းမျဉ်း စည်းကမ်းများအရ ပြည်သူများ၏ ကောင်းစားရေးကို ကျောသားရင်သား မခွဲခြားဘဲ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း"

တို့ကို တိကျစွာ ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါသည်။

ဝန်ထမ်းများနှင့်ပတ်သက်၍လည်း ဝန်ကြီးချုပ်က–

"နိုင်ငံတော်အပိုင်းမှာ လုပ်ပိုင်ခွင့်ကို အာဏာအဖြစ်မှတ်ယူပြီး ဖောက်လွဲ ဖောက်ပြန်လုပ်မှုများကို ပြတ်ပြတ်သားသား အရေးယူခဲ့သလို နောင်မှာလည်း အစိုးရဝန်ထမ်းအဖွဲ့အစည်းများက အဖွဲ့အစည်းအလိုက် ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ၊ မမှန်မကန်လုပ်ဆောင်မှုများ၊ အကျင့်ပျက်မှုများကို ဖော်ထုတ်အရေးယူသွားမှာဖြစ်ကြောင်း"

သတိပေး ပြောကြားသွားခဲ့ပါသည်။ ထိုသို့ ဝန်ကြီးချုပ်၏ ရှင်းလင်းပြောကြားခဲ့မှုနှင့် ပတ်သက်ပြီး ကျွန်တော်တို့စကားဝိုင်းတွင်–

"နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ရှင်းလင်းပြောကြားချက်က နိုင်ငံအတွက် အလွန်ဝမ်းသာ အားရစရာပါပဲကွာ။ နိုင်ငံတော်အစိုးရအပိုင်းအနေနဲ့ သန့်ရှင်းထက်မြက်သော အစိုးရယန္တရားဖြစ်စေရေးကို မျက်ခြည်မပြတ် ဦးတည်အကောင်အထည်ဖော်သွားမယ်လို့ တိတိကျကျကို ဆိုထားတယ်လေ။ အဂတိလိုက်စားမှုနဲ့ အကျင့်ပျက်မှုတွေမရှိအောင် ကွပ်ကဲကြပ်မတ် စီမံလုပ်ဆောင်သွားမှာ အမှန်ပဲ"

" စီးပွားရေးလုပ်ငန်းရှင်များနဲ့ပတ်သက်လို့ နိုင်ငံမှာဖြစ်ပေါ်ခဲ့မှုတွေကို အမှန်အတိုင်းသုံးသပ်ပြီး လိုအပ်ချက်ကို ရှင်းလင်းပြတ်သားစွာ ပြောကြားသွားခဲ့တာပဲဟ"

"တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်တွေဆိုတာ ဒီခေတ်ကျမှ နိုင်ငံတော်က အားပေးချီးမြှောက်ခဲ့လို့ ကြီးပွားဖြစ်ထွန်းလာခဲ့ကြတာမို့ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကိုသာ ကြည့်ရမှာပေါ့။ လာဘ်ပေး လာဘ်ယူမှုတွေ၊ တံစိုးလက်ဆောင်ပေးမှုတွေနဲ့ မမှန်မကန်ဆက်လုပ်နေကြမယ်ဆိုရင် တစ်နေ့မဟုတ်တစ်နေ့ ဒုက္ခတွေ့ရမှာမလွဲဘူးလေ။ ဒါကြောင့် ဝန်ကြီးချုပ် သတိပေးပြောကြားမှုတွေကို အလေးအနက်ထား လိုက်နာကြဖို့လိုမယ်"

"ဒီတစ်ခါတော့ မမှန်မကန်လုပ်လာရင် ဘယ်သူမဆို အရေးယူခံရမှာ အမှန်ပဲ"

"အစိုးရဝန်ထမ်းတွေလဲ မမှန်မကန် မလုပ်ဆောင်ကြဖို့၊ အကျင့်မပျက်ကြဖို့၊ လုပ်လာရင် ဖော်ထုတ်အရေးယူသွားမယ်လို့ဆိုတယ်လေ"

"အေး...ဒါမှပဲ ငွေရမှ၊ လာဘ်ရမှ၊ တံစိုးလက်ဆောင်ရမှလုပ်ပေးတဲ့ ဝန်ထမ်းတွေ၊ စားပွဲတစ်ခုကနေတစ်ခု စာတစ်စောင်ရောက်ဖို့အတွက် လက်ဖက်ရည်ဖိုးမှမရရင် မလုပ်ဘဲထားတဲ့ ဝန်ထမ်းတွေ ပပျောက်ကုန်ကြတော့မှာပဲဟ"

"တို့နိုင်ငံအတွက် အလွန်အားရဝမ်းသာစရာပါပဲကွာ။ နိုင်ငံအကျိုးအတွက် အသီးသီးပြုပြင်သွားကြမယ်၊ ပြည်သူအားလုံးကပါ ဝိုင်းဝန်းပါဝင်ကြမယ်ဆိုရင် မလွဲမသွေ အောင်မြင်မှာပါပဲ"

ထိုသို့ စကားဝိုင်းဖွဲ့ရာမှ ကျွန်တော့်အတွေးပုံရိပ်တွင် မှန်ကန်သွက်လက်စွာ ဆောင်ရွက်နေသည့် နိုင်ငံတော်အစိုးရနှင့် အာဏာပိုင်အဖွဲ့များ၊ နိုင်ငံ့အကျိုး၊

ဈေးကွက်စီးပွားရေးစနစ်အရ ပုဂ္ဂလိကလုပ်ပိုင်ခွင့်များကို အားပေးနေတဲ့အချိန်မှာ စီးပွားရေးသမားအချို့က သူတို့အကျိုးစီးပွားအတွက် လုပ်ပိုင်ခွင့်ရှိတဲ့သူတွေထံ အကြိုက်ပေးလို့ နည်းအမျိုးမျိုးနဲ့ ချဉ်းကပ်သိမ်းသွင်းကြတော့တာပါပဲ။ ဒီတော့လဲ တော်ရုံတန်ရုံ ပုဂ္ဂိုလ်ကြီးငယ်တွေလဲ ယိမ်းယိုင်ကုန်ကြတာပေါ့။

အကျင့်ပျက်ဝန်ထမ်းများနှင့် ပူးပေါင်းပြီး ဆူလွယ်နပ်လွယ်သော ဖြတ်လမ်းကို မလျှောက်လှမ်းမိစေရန် အရေးကြီးကြောင်း၊ ပြီးခဲ့သည့် အပိုင်းများတွင် အပြုအမူလွဲမှားခဲ့သမျှကိုလည်း ပြုပြင်သွားရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လုပ်ပိုင်ခွင့်ရှိသည့် အကျင့်ပျက်ဝန်ထမ်းများနှင့် လာဘ်ပေး လာဘ်ယူမှု၊ တံစိုးလက်ဆောင်ပေးမှု စသည့် မမှန်မကန်နည်းလမ်းများဖြင့် ပုဂ္ဂိုလ်ရေးဆန်ဆန် ရင်းနှီးပေါင်းဖက်မှု လုပ်ရပ်များသည် ရေရှည်တွင် မည်သို့မျှ အကျိုးဖြစ်ထွန်းမည်မဟုတ်သည့်အပြင် ပြည်သူများ၏ အမြင်တွင် လူတစ်စုကောင်းစားရေး၊ လူနည်းစုသာကြီးပွား ချမ်းသာရေးကို ဦးတည်နေသော ခေတ်သစ်လူတန်းစားသစ် ထူထောင်ရေး လုပ်ငန်းစဉ်များအဖြစ် အပြစ်တင်ရှုမြင်ခံရဖွယ်ရှိကြောင်း၊ နိုင်ငံတော် အစိုးရက ပြည်သူအကျိုးရှေးရှု၍ စည်းကမ်းစနစ်ကျနစွာဖြင့် မှန်မှန်ကန်ကန် မျှမျှတတ ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ တာဝန်နှင့် စေတနာတွဲဖက်၍ လာဘ်လာဘကို မမျှော်ကိုးဘဲ မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ပေးနေသည့် ဝန်ထမ်းများနှင့် အမှားနှင့်အမှန်ကို အသိတရားဖြင့် ခွဲခြားသိမြင် လုပ်ကိုင်နိုင်သော ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အဂတိလိုက်စားမှုနှင့် အကျင့်ပျက်မှုများ ကင်းစင်ပပျောက်သော နိုင်ငံတော်ကြီးအဖြစ် မြင်တွေ့နေရပြီ ဖြစ်ပါသည်။ ထိုမှတစ်ဆင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် များမကြာမီ အရောက်လှမ်းချီတက်နိုင်တော့မည်ကိုပါ ဆက်လက်မြင်ယောင်နေမိပါတော့သည်။ ။

ရေနံချောင်းမြို့ ကျေးရွာပညာပဒေသာ စာကြည့်တိုက်ဖွင့် ရုပ်မြင်သံကြား၊ ဂြိုဟ်တုစလောင်းနှင့် စာအုပ်မျိုးစုံ ဆက်ကပ်လှူဒါန်း

ရေနံချောင်း ဇန်နဝါရီ ၂၁

မကွေးတိုင်း ရေနံချောင်းမြို့နယ် ဖိုးကိုးကျေးရွာအုပ်စု ဖိုးကိုးကျေးရွာ ပညာပဒေသာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ၂၆ရက် နံနက် ၁၁နာရီက ကျင်းပရာ ဖိုးကိုးကျေးရွာ ရွှေဘုံသာကျောင်းဆရာတော် ဦးဝေပုလ္လ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်လတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌဦးကျော်စိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်လတ်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပညာပဒေသာစာကြည့်တိုက် အဆောက်အအုံနှင့်ပတ်သက်သော စာရွက်စာတမ်းများနှင့် စာကြည့်တိုက်အတွက် ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံး၊ ဂြိုဟ်တုစလောင်းတစ်ခု၊ ဗီရိုနှစ်လုံး၊ စားပွဲနှစ်လုံး၊ ပရိဘောဂများနှင့် စာအုပ်မျိုးစုံ၆၂၈အုပ်ကို အလှူရှင်များက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။ **(၃၈၃)**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေး ဦးစီးဌာနက ညောင်ရွာ ကျေးရွာအတွင်း နေထိုင်သူ နိုင်ငံသားအရည်အချင်းပြည့်မီ သူ များအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဇန်နဝါရီ ၁၆ရက်တွင် ကျေးရွာရုံးခန်းမ၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးပေါချိန်က ကျေးရွာရပ်မိရပ်ဖ တစ်ဦးကို စိစစ်ရေးကတ် ပေးအပ်စဉ်။ (က–ပ)

ပြည်သူ့ဝန်ထမ်း

☆ သိက္ခာကျင့်ဝတ်၊ သွေမချွတ်
ခါးဝတ်ပမာ၊ မြဲလိုက်နာ။

☆ ကြွားဝါပလွှား၊ ဆောင့်ကြွားကြွား
ရှောင်ရှားမမေ့၊ သိမ်သိမ်မွေ့။

☆ သင့်သင့်မြတ်မြတ်၊ဆက်ဆံတတ်
မပြတ်ကြိုးစား၊ပြည်သူ့အကြား။

☆ တာဝန်ကျရာ၊ စိတ်လက်ပါ
ကျေးရွာဖွံ့ဖြိုး၊အားသွန်ကြိုး။

☆ ပြည်သူ့စီးပွား၊ မိသားစုအလား
ကြိုးစားဖော်ဆောင်၊ အောင်မြင်အောင်။

ကျော်စောဟန်

ဘုရားဖြူဓမ္မသဘင် ရွှေလင်းယုန်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသော (၇၃)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲ ဆုနှင်းသဘင် အကြိုတရားပွဲအဖြစ် ဇန်နဝါရီ ၂၄ ရက် (ပြာသိုလပြည့်နေ့) ညတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်)ဆရာတော်က တရားတော် ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရှေ့နေချုပ်နှင့်ပြည်နယ်၊တိုင်း၊ခရိုင်ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအတွေ့အကြုံပြန်လည်ရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၂၁

ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ဥပဒေအရာရှိများ၏ (၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံ ပြန်လည်ရှင်းလင်းပွဲကို ဇန်နဝါရီ၁၉ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်း ဥပဒေရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အတွေ့အကြုံ ရှင်းလင်းပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း ဥပဒေအရာရှိ ဦးကျော်မိုးနိုင်နှင့် ဒုတိယတိုင်း ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိများ တက်ရောက်ကြသည်။ ရှင်းလင်းပွဲတွင် ရန်ကုန်တိုင်း ဥပဒေအရာရှိက ရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်တို့၏ မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းဆွေးနွေးပြီး လိုက်နာဆောင်ရွက်ကြရန်နှင့် (၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံများကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ထို့အပြင် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ၊ အီလက်ထရွန်းနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေနှင့်စပ်လျဉ်း၍ သိသင့်သိထိုက်သည့်အချက်များကိုလည်း တိုင်းဥပဒေအရာရှိက ရှင်းလင်းဆွေးနွေးသည်။ **(က-ပ)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကော်မတီရုံးခန်း (ဗဟန်း ၃လမ်းမှတ်တိုင်အနီး) တွင် အမှတ်(၃၂၇/၃၂၉) ဗညားဒလလမ်း ကျောက်မြောင်း တာမွေမြို့နယ်မှ ဦးကျော်သန်းညွန့်နှင့် ဒေါ်စန်းစန်းဦးမိသားစုက အလှူငွေကျပ်တစ်သိန်းကို အတွင်းရေးမှူးဦးစိုးမြတ်အောင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ချင်းတွင်းအသင်းနှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ချင်းတွင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ၁၉ရက်(စနေနေ့)နံနက်၉နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာဘုန်းတော်ကြီးကျောင်းတွင် ကျင်းပမည်ဖြစ်သည်။ ချင်းတွင်းအသင်းမိသားစုများတက်ရောက်ကြရန်နှင့် အသက်၈၀အထက် သက်ကြီးအသင်းဝင်များ၊ ၂၀၀၄ခုနှစ် မတ်လတွင်ကျင်းပခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ နှစ်ဘာသာနှင့်အထက် ဂုဏ်ထူးဖြင့်အောင်မြင်သူ ရန်ကုန်ရှိ အသင်းဝင်များ၏ သားသမီးများ အမည်စာရင်း၊ သက်ကြီးအသင်းဝင်များ၏ အမည်စာရင်းကို ဖေဖော်ဝါရီ ၅ရက် နောက်ဆုံးထား၍ ဦးဇော်ဝင်း ဖုန်း-၂၅၂၀၄၄၊ ဦးလှမြိုင် ဖုန်း-၅၃၄၇၆၄၊ ဗိုလ်မှူးကြီးပီကျော်ဟန်(ငြိမ်း) ဖုန်း-၅၇၈၂၉၁၊ ဒေါ်စန်းစန်း ဖုန်း-၅၄၉၄၁၂၊ ဦးဝင်းငွေ ဖုန်း-၅၂၄၃၈၅နှင့် အသင်းတိုက် ဒဂုံမြို့နယ် ယောမင်းကြီးလမ်းသွယ် ခြံအမှတ် ၂၇ အခန်းအမှတ်၅၇ တို့သို့ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်းသိရသည်။ **(က-ပ)**

အီလက်ထရွန်းနစ်အစိုးရလုပ်ငန်းများသင်တန်းနှင့် အီလက်ထရွန်းနစ်စာအပို့အယူလုပ်ဆောင်မှုသင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၂၁

အဆင့်မြင့်အရာရှိကြီးများအတွက် အီလက်ထရွန်းနစ်အစိုးရ လုပ်ငန်းများသင်တန်း(e-Government Workshop Training Course For Senior Officials)၊ အီလက်ထရွန်းနစ် စာအပို့အယူလုပ်ဆောင်မှုသင်တန်း (E-Mail Operating Course)တို့၏သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကြေးနန်းဆက်သွယ်ရေးနှင့်စာတိုက် သင်တန်းကျောင်း၌ ကျင်းပရာ အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ (e-National Taskforce)မှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ဖိတ်ကြားထားသောဧည့်သည်တော်များ၊ သင်တန်းဆရာ၊ ဆရာမများနှင့် သင်တန်းသားသင်တန်းသူများတက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ၌ အီလက်ထရွန်းနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ (e-National Taskforce)မှ ဒုတိယဥက္ကဋ္ဌဦးအောင်မြင့်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆင့်မြင့်အရာရှိကြီးများအတွက် အီလက်ထရွန်းနစ်အစိုးရလုပ်ငန်းများသင်တန်းမှာ ရက်သတ္တ တစ်ပတ်ကြာ သင်တန်းဖြစ်ပြီး ဝန်ကြီးဌာန၂၃ ခုမှ အဆင့်မြင့်အရာရှိ သင်တန်းသား ၂၃ ဦး တက်ရောက်ခဲ့ကြပြီး ကျန်သင်တန်းမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပုံမှန်သင်တန်းဖြစ်ကာ သင်တန်းသားသင်တန်းသူ ၁၅ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိဘနှစ်ပါးဖြစ်သော ဦးဘိုးရင်-ဒေါ်ဒေါ်တင်နှင့်အစ်မကြီး ဒေါ်ခင်ကြွယ်တို့အားရည်စူး၍ အမှတ် ၁၁၀ အောင်မင်္ဂလာလမ်း ကျောက်မြောင်းကြီးရပ်ကွက် တာမွေမြို့နယ်နေ ဆရာကြီးဦးလှိုင်(ငြိမ်း)နှင့် အစ်မ၊ တူ၊ တူမ များက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင်အလှူငွေ ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံ ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်း လက်ခံယူစဉ်။ (က-ပ)

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ မြိတ်ဂေါက်ကွင်း၌စတုတ္ထပွဲစဉ်ကျင်းပမည်

GRAND ROYAL
SPECIAL RESERVE
Golf Championship

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် International Beverages Trading Co.,Ltd.နှင့် HAN Event Management တို့ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၀၄-၂၀၀၅ခုနှစ် ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲစတုတ္ထပွဲစဉ်ကို ဇန်နဝါရီ ၃၀ရက်တွင် မြိတ်မြို့ မြိတ်ဂေါက်ကွင်း၌ကျင်းပမည်ဖြစ်သည်။

အချက်အကျောပေး

အဆိုပါ ပြိုင်ပွဲတွင် အပျော်တမ်းအဆင့်ဂေါက်သီးရိုက်အသင်းများမှ ဂေါက်သီးရိုက်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး မြန်မာ့လက်ရွေးစင်ဂေါက်သီးရိုက်အားကစားသမားများနှင့် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သူများ ယှဉ်ပြိုင်ခွင့်မပြုပေ။ ပြိုင်ပွဲကို စိန့်အင်ဒရူးဥပဒေသအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းဥပဒေများအတိုင်း လိုက်နာကျင့်သုံးပြီးအချက်အကျောပေးပြိုင်ပွဲ System 36 ပုံစံဖြင့်ကျင်းပမည်ဖြစ်သည်။

ဆုတံဆိပ်

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ်တွင် ဆုများချီးမြှင့်မည်ဖြစ်ရာ ပထမ၊ ဒုတိယနှင့် တတိယဆုများ အပြင်အနီးဆုံးရိုက်ချက်ဆု၊ အဝေးဆုံးရိုက်ချက်ဆု၊ Most Parဆု၊ Most Birdiesဆုနှင့် နှစ်သိမ့်ဆု ၁၀ဆုချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲတွင် Hole-in-Oneဆုရရှိကြသူများအား ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ရွှေပြားဆုတံဆိပ် ချီးမြှင့်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ခွင့်

ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် လားရှိုးဂေါက်ကွင်း၌ အမည်စာရင်းပေးသွင်းကြရမည်ဖြစ်သည်။ စတုတ္ထပွဲစဉ်မှအကောင်းဆုံးဂေါက်သီးရိုက် အားကစားသမားလေးဦးသည် ပထမပွဲစဉ်မှအကောင်းဆုံး ဂေါက်သီးရိုက်အားကစားသမားလေးဦး၊ ဒုတိယပွဲစဉ်မှ အကောင်းဆုံးဂေါက်သီးရိုက်အားကစားသမားလေးဦး၊ တတိယပွဲစဉ်မှ အကောင်းဆုံးဂေါက်သီးရိုက်အားကစားသမားလေးဦးတို့နှင့် အတူ ၂၀၀၅ခုနှစ် မတ် ၆ ရက်၌ မြို့တော်ဂေါက်ကွင်းတွင်ကျင်းပမည့် Final Round ပွဲစဉ်၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

ပံ့ပိုးကူညီ

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲကို Co-Sponsors များဖြစ်ကြသော Air Mandalay,Popa Aqua,Crusher Club Soda, Ping (Pan Dagon Int'l Ltd.)နှင့် Traders Hotel တို့ကဝိုင်းဝန်းကူညီပံ့ပိုးပေးကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

ဘိလိယက်အားကစားအသင်းများ အသိအမှတ်ပြုလွှာလျှောက်ထားနိုင်

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် စံချိန်စံညွှန်းကိုက်ညီသည့် ကစားခုံများနှင့် နိုင်ငံတကာ အဆင့်မီသည့် ဘိလိယက်ခုံများ အတွက် အသိအမှတ်ပြုလွှာများကို စိစစ်ထုတ်ပေးလျက်ရှိသည်။

အသိအမှတ်ပြုလွှာ မပြုလုပ်ရသေးသော ဘိလိယက် Centre များနှင့် ဘိလိယက်ခုံပိုင်ရှင်များသည် မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်တွင် အသိအမှတ်ပြုလွှာပြုလုပ်ပြီးမှသာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် လိုင်စင်များ လျှောက်ထားကြရမည်ဖြစ်သည်။

၂၀၀၄ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် သက်တမ်းကုန်ဆုံးသော ဘိလိယက် Centre များနှင့် ဘိလိယက်ခုံပိုင်ရှင်များသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လိုင်စင်များ ပြုလုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၌ သက်တမ်းတိုးမြှင့်ကြရမည်ဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ဖျာပုံမြို့နယ်တွင် ကျေးရွာစာကြည့်တိုက်ဖွင့် စာအုပ်၊ ပရိဘောဂနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ဖျာပုံ ဇန်နဝါရီ ၁၈

ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမာမြို့ နောက်မီးကျေးရွာ ရွာမကျောင်း ပညာဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ စာအုပ်၊ ပရိဘောဂနှင့် အလှူငွေများ ပေးအပ်ပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ရက် မွန်းတည့် ၁၂နာရီက နောက်မီးကျေးရွာ ပညာ ဗိမာန်စာကြည့်တိုက်ရှေ့နှင့် ဓေယျာသိဒ္ဓိတန်ဆောင်း၌ ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်ကြီးလင်းဦး၊ ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီး အရာရှိ ဦးအေးကြူနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအေးလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ဝဲပုံ)**

ရှင်းလင်းပြောကြား

အခမ်းအနားတွင် နောက်မီးကျေးရွာ ရွာမကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒက ဩဝါဒကထာ မြွက်ကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးအေးကြူ၊ မြို့နယ်ဦးစီးမှူး ဦးစန်းဝင်းတို့က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စဉ်ဆက်မပြတ် တိုးတက်ရေး ရှင်းလင်းဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ စာအုပ်၊ ပရိဘောဂနှင့် အလှူငွေများ ပေးအပ်ကြရာ စာကြည့်တိုက်အဆောက်အအုံအတွက် ငွေကျပ်သိန်း ၂၀ ကို ဆရာတော်နှင့် ဦးအောင်မင်း-ဒေါ်ဌေးဌေးစော၊ ဦးထွန်းတင်-ဒေါ်အေးမြင့်၊ ဦးနေဝင်း-ဒေါ်အေးအေးခင် မိသားစုများက လှူဒါန်းကြကာ ကျန်အလှူရှင် ၁၈ဦးက အလှူငွေကျပ်လေးသိန်းကျော် ပေးအပ်လှူဒါန်းကြရာ ခရိုင်ဦးစီးအရာရှိ ဦးအေးကြူနှင့် တာဝန်ရှိသူများက လက်ခံ ကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာပေဝါသနာရှင် လူငယ်များ ကြိုးပမ်းမှုဖြင့် ကြံခင်းမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ကြံခင်း ဇန်နဝါရီ ၁၈

စာပေဝါသနာရှင် လူငယ်များ၏ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းမှုဖြင့် ဦးကျည်ပွေ့ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၉နာရီက ကြံခင်း မြို့နယ် ဘက်ရဲအုပ်စု ဘက်ရဲရှိ အဆိုပါစာကြည့်တိုက်တွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပုက စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးပု၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဝင်းတို့က စာကြည့်တိုက်ရေရှည်တည်တံ့ရေး၊ စာကြည့်တိုက် စနစ်တကျဖြစ်ရေး၊ ကျေးရွာပြည်သူများ စာအုပ်၊ စာပေ လေ့လာဖတ်ရှုရေးတို့ကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ ၁၂၅ အုပ် အပါအဝင် အလှူရှင်များက စာအုပ်မျိုးစုံ ၇၆၃ အုပ် ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းဦး (စိုးထွန်းဦး-ဘူမိ) က လက်ခံရယူသည်။

ပိတ်ရက်မရှိဖွင့်လှစ်

အဆိုပါ ဦးကျည်ပွေ့ စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်းအတွက် ကျေးရွာပြည်သူများ၊ စာပေဝါသနာရှင်များက ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး စာကြည့်တိုက်ကော်မတီမှ စာကြည့်တိုက်ကို နေ့စဉ်ပိတ်ရက်မရှိ တစ်နေ့လျှင် သုံးကြိမ်ခွဲ၍ စာအုပ်များငှားရမ်းဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မှို့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

ဒီဇင်ဘာ ၂၅ရက်က ကလေးမြို့ ပင်လုံရပ်ကွက်အတွင်းရှိ ဝေဘူလလမ်း အရှည်ပေ ၁၅၀၀၊ အကျယ် ၁၈ ပေအား မူလမြေသားလမ်းမှ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းအဖြစ် အဆင့်မြင့်ခင်းခြင်းလုပ်ငန်း အချိန်မီပြီးစီးရေးအတွက် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

အဏ္ဏဝါအလင်းတန်း စာကြည့်တိုက်ဖွင့်

လောင်းလုံ ဇန်နဝါရီ ၁၀

လောင်းလုံမြို့နယ် စမ်းလှကျေးရွာ၌ ဒီဇင်ဘာ ၂၉ရက် နံနက် ၉နာရီက အဏ္ဏဝါအလင်းတန်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်၊ စမ်းလှကျေးရွာဥက္ကဋ္ဌ ဦးအင်သား၊ အဏ္ဏဝါအလင်းတန်း စာကြည့်တိုက် တာဝန်ခံ ဦးအောင်ခင်တို့က ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးကြသည်။

ရေရှည်တည်တံ့ရေးဆွေးနွေး

ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌ ဦးအင်သားက အမှာစကား ပြောကြားပြီး ထားဝယ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့် ရေရှည်တည်တံ့ ထိန်းသိမ်းရေး ဆွေးနွေးသည်။

လက်ခံယူ

ယင်းနောက် ရပ်မိရပ်ဖ ဦးမောင်သန်းက ကျေးဇူးတင်စကား ပြောကြားကာ အလှူရှင်များ လှူဒါန်းသော စာအုပ်များနှင့် လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် တာဝန်ခံ ဦးအောင်ခင်က လက်ခံယူကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

သန့်ရှင်းသော သောက်ရေသုံးရေရရှိရေး တံတားဦးမြို့တွင် စက်ရေတွင်းများ တူးဖော်

တံတားဦး ဇန်နဝါရီ ၁၈

စည်ပင်သာယာရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ တံတားဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် မြို့ပေါ်သုံးရပ်ကွက်ရှိ အိမ်ခြေပေါင်း ၂၁၅၅၊ လူဦးရေ ၁၄၉၉၀တို့အား သန့်ရှင်းသောသောက်သုံးရေ ပေးဝေနိုင်ရေးအတွက် ရှစ်လက်မ၊ ပေ ၁၀၀၀ စက်ရေတွင်း(၁)၊ (၂)၊ (၃)တို့ကို စမ်းသပ်တူးဖော်လျက်ရှိသည်။

အဆိုပါ စက်ရေတွင်းများ တူးဖော်ပြီးစီးသွားပါက အမြင့်တင်ရေလှောင်ကန်များဖြင့် ရေပိုက်များသွယ်တန်းပြီး ရပ်ကွက်အလိုက် အိမ်အရောက်ရေတိုင်များ ပြုလုပ်ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **(နယ်စပ် စည်ပင်)**

အုတ်ဖိုကျေးရွာမှ သာစည်-ကလော လမ်းမကြီး ဆက်သွယ်သည့်လမ်း ကျောက်ချောခင်း၊ ကျေးလက်ပြည်သူများ ရာသီမရွေးသွားလာနိုင်

သာစည် ဇန်နဝါရီ ၉

သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခုဘဏ္ဍာရေးနှစ် အတွင်း အုတ်ဖိုကျေးရွာမှ သာစည်-ကလော ကားလမ်းမကြီးသို့ ဆက်သွယ်သည့် အရှည်ပေ ၄၀၀၀၊ အကျယ် ၁၂ပေလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၂ရက်က အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာတို့က အနီးကပ် ကြပ်မတ်ဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ကျောက်ခင်းလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၂၅၅၀၀၀၀ အကုန်အကျခံကာ ကျေးလက်ပြည်သူများ ရာသီမရွေးသွားလာနိုင်ရန် ဖောက်လုပ်ပေးကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

လှည်းကူးမြို့နယ် အောင်မင်္ဂလာရပ်ကွက်တွင် ဇန်နဝါရီ ၉ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်း၊ ရပ်ကွက်မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းကို တစ်အိမ်တက်ဆင်း ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

နှမ်းစပါးစိုက်ပျိုးရေး စုပေါင်းထွန်ယက်

ဝိုင်းမော် ဇန်နဝါရီ ၁၆

ဝိုင်းမော်မြို့နယ် စိုက်ပျိုးကြီးကြပ်မှုကော်မတီ၏ စီစဉ်မှုဖြင့် နှမ်းစပါးစိုက်ပျိုးရေးအတွက် စုပေါင်းထွန်ယက်ပွဲကို ဝိုင်းမော်မြို့နယ် ဂူယနိကျေးရွာအုပ်စု ဂူယန်တောင်ကွင်းရှိ လယ်ဧက ၂၈ ဧကတွင် ဂွန်ဒေါင်း ငါးစီး၊ ကျွဲနွား အရှည်း ၄၀ဖြင့် ဇန်နဝါရီ ၁၃ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းရွှေနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် တောင်သူဦးကြီးများ တက်ရောက်အားပေးကြကြောင်း သိရသည်။

(က-ပ)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပထမအကြိမ် ဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပထမအကြိမ် ဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ပိတ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်ကြည့်ရှုအားပေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၏ ဇနီး ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဇနီး၊ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ပထမအကြိမ် ဌာနပေါင်းစုံ အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အမျိုးသမီး ဗိုလ်လုပွဲအဖြစ် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ယှဉ်ပြိုင်ကစားကြသည်။ အမျိုးသား ဗိုလ်လုပွဲအဖြစ် အကောက်ခွန်ဦးစီးဌာနနှင့် ရသုံးမှန်းခြေငွေ စာရင်းဦးစီးဌာနတို့ ယှဉ်ပြိုင်ကစားကြသည်။

ဆုချီးမြှင့်

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီးနေရာအလိုက် အကောင်းဆုံး ရရှိသူများအား ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်ဆန်းထွန်း၏ ဇနီး ဒေါ်တင်တင်မိုးက လည်းကောင်း၊ အမျိုးသားနေရာအလိုက်အကောင်းဆုံး ဆုရရှိသူများအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘော်လီဘောဆပ်ကော်မတီ ဥက္ကဋ္ဌ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးဆန်းထွန်းက လည်းကောင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၌ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ အားကစားသမားအား မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၏ ဇနီး ဒေါ်ညွှန့်ညွှန့်ရီက လည်းကောင်း၊ အမျိုးသား ဘော်လီဘောပြိုင်ပွဲ၌ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ အားကစားသမားအား မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က လည်းကောင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၌ ဒုတိယဆုရရှိသော မြန်မာနိုင်ငံတော် ဗဟိုဘဏ် အသင်းအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၏ ဇနီး ဒေါ်သီတာဝင်းကလည်းကောင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲ၌ ဒုတိယဆုရရှိသော ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနအသင်းအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေကလည်းကောင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ပထမဆုရရှိသော မြန်မာ့စီးပွားရေးဘဏ် အသင်းအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၏ ဇနီး ဒေါ်ခင်သန်းဝင်းက လည်းကောင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲ၌ ပထမဆုရရှိသော အကောက်ခွန်ဦးစီးဌာန အသင်းအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း **(အောက်ပုံ)**က လည်းကောင်း အသီးသီးဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပထမအကြိမ်ဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ပိတ်ပွဲ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဲယားပုဂံအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲဆက် ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ တက်ရောက်အားပေး

ရန်ကုန် ဇန်နဝါရီ ၂၁

Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd.ကအဓိက ကူညီပံ့ပိုးသည့် ၂၀၀၅ခုနှစ် ပထမအကြိမ် Air Bagan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ ပုဂံဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် အမှုဆောင်များ၊ Air Bagan Ltd. Chairman ဦးတေဇနှင့် တာဝန်ရှိသူများနှင့် ဒေသခံ ဂေါက်သီးရိုက် အားကစား မောင်မယ်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲ၏ဒုတိယနေ့ ၁၈ကျင်းကစားအပြီး၌ Professional Golfers ပြိုင်ပွဲတွင် ဇော်ပိုင်ဦး (Srixon)က ၇၃+၇၃ ပေါင်း၁၄၆ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

သန်းနိုင်(Wilson)က ၇၄+၇၃ နှင့် မင်းလွင်ဦး(Wilson)က ၇၂+၇၅ ပေါင်း ၁၄၇ချက်စီဖြင့် ဒုတိယလိုက်ကြပြီး အေးလွင်(Wilson)က ၇၁+၇၇ ပေါင်း ၁၄၈ချက်စီဖြင့် တတိယလိုက်နေသည်။

ဦးဆောင်

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် ဇော်ဇင်ဝင်းက ဒုတိယနေ့ပြိုင်ပွဲတွင် ပင်ကိုလက်စွမ်းပြပြီး သတ်မှတ်ရိုက်ချက်ထက်သုံးချက်လျှော့ရိုက်ကာ ၇၂+၆၉ ပေါင်း၁၄၁ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

သိန်းဇော်မြင့်ကလည်းသတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး ၇၁+၇၁ ပေါင်း ၁၄၂ချက်ဖြင့် ဒုတိယလိုက်ပြီး အောင်ဝင်းကလည်း သတ်မှတ် ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ကာ ၇၇+၇၀ ပေါင်း ၁၄၇ ချက်ဖြင့် တတိယလိုက်နေသည်။

တာဝန်ယူ

အဆိုပါ ပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသော ဂေါက်သီးရိုက်အားကစားသမားများအတွက် Official Hotel အဖြစ် Myanmar Treasure Resort Hotel ကို သတ်မှတ်ထားပြီး ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by HAN Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဇန်နဝါရီ ၂၂ရက် နံနက် ၈နာရီတွင် တတိယနေ့ ၁၈ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၂၁

ရွှေရတု နှစ်(၅၀)ပြည့် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက် ကျင်းပသည်။

ပြိုင်ပွဲ၏ မန္တလေးဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် (ခ)အုပ်စုမှ ရန်ကုန်တိုင်းနှင့် ကယားပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းက ငါးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ရန်ကုန်တိုင်းမှ ခင်မောင်ဦးက ရရှိသွားသည်။

အကောင်းဆုံးဘောလုံးသမား

ပဲခူးဇုန်၌ကျင်းပသော ပြိုင်ပွဲတွင် (ဃ)အုပ်စုမှ စစ်ကိုင်းတိုင်းနှင့် ကရင်ပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတိုင်းက ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို စစ်ကိုင်းတိုင်းမှ သန့်ဇင်က ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၉ရက်က မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ပိုင်ဈေးကြီး၊ ဗဟိုဈေး၊ ပိတောက်မြိုင်ဈေးများအတွင်း၌ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အဖွဲ့ဈေးဝန်ထမ်းများ၊ အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည်စိုးတို့၏ ကြီးကြပ်မှုဖြင့် သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ကြစဉ်။
(မြို့နယ်စည်ပင်)

ကမ္ဘာတစ်လွှား အားကစား

ဥရောပအကောင်းဆုံး ဘောလုံးအသင်း ယူအီးအက်ဖ်အေ ထုတ်ပြန်ကြေညာ

လစ္စဘွန်း ဇန်နဝါရီ ၂၁

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)က ၂၀၀၄ခုနှစ်အတွက် အကောင်းဆုံးအသင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာထားသည်။

ဂိုး – ဘတ်ဖွန်း(ဂျူဗင်းတပ်စ်၊ အီတလီ)
နောက်တန်း – ကာဖူးလ်(မီလန်၊ ဘရာဇီး)၊
ရီကာဒိုကာဗယ်ဟို(ချယ်လ်ဆီး၊ပေါ်တူဂီ)
နက်စတာ(မီလန်၊ အီတလီ)၊
အက်ရှ်လေကိုး(အာဆင်နယ်၊ အင်္ဂလန်)
အလယ်တန်း – ခရစ္စတီယာနိုရိုနယ်ဒို (မန်ယူ၊ ပေါ်တူဂီ)
မာနီချီ(အက်စ်စီပေါ်တို၊ ပေါ်တူဂီ)
ရော်နယ်ဒင်ဟို(ဘာစီလိုနာ၊ ဘရာဇီး)
ပါဗယ်နက်ဗက်(ဂျူဗင်းစ်တပ်စ်၊ ချက်)
ရှေ့တန်း – အွန်နရီ(အာဆင်နယ်၊ ပြင်သစ်)
ရှက်ဗ်ချင်ကို(အေစီမီလန်၊ ယူကရိန်း)
နည်းပြ – ဂျို့စ်မော်ရင်ဟို(ချယ်လ်ဆီး၊ပေါ်တူဂီ)
တို့ဖြစ်ကြသည်။

(ဆင်ဟွာ)

သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ကမ္ဘာ့နံပါတ်တစ် ဖက်ဒါရာအနိုင်ရရှိ

မဲလ်ဘုန်း ဇန်နဝါရီ ၂၁

သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၁ရက်က ကျင်းပခဲ့သည်။

အမျိုးသားပြိုင်ပွဲတွင် ဆွစ်ဇာလန်နိုင်ငံသား ရိုဂျာဖက်ဒါရာနှင့် ဖင်လန်မှ ဂျာကိုနီးမင်နန်တို့သည် တတိယအကျော့အဖြစ် ယှဉ်ပြိုင်ကစားကြရာ ကမ္ဘာ့နံပါတ်တစ် တင်းနစ်အကျော်အမော် ဖက်ဒါရာက ၆–၃၊ ၅–၂ဖြင့် အနိုင်ရရှိသွားခဲ့သည်။

အမေရိကန်မှ ကီဗင်ကင်းနှင့် ဆွီဒင်မှ သောမတ်စ်ဂျိုဟာန်ဆင်တို့ပွဲတွင် ဂျိုဟာန်ဆင်က ၃–၆၊ ၆–၂၊ ၆–၇၊ ၆–၂၊ ၆–၂ ဖြင့် အနိုင်ရရှိသွားခဲ့သည်။

အမျိုးသမီးပြိုင်ပွဲစဉ်တွင် လင်ဆေးဒါဗင်ပို့စ်နှင့် မိုင်ရှင်းနားတို့ ယှဉ်ပြိုင်ကစားကြရာ အမေရိကန်မှ ဒါဗင်ပို့စ်သည် ပထမအကျော့တွင် ၆–၂ဖြင့် ရှုံးနိမ့်ခဲ့သည်။ ၎င်းသည် နောက်ဆုံး နှစ်ကျော့တွင် ၆–၂၊ ၆–၂ဖြင့် နှစ်ပွဲဆက်တိုက် အနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ကီဗင်ကင်း၏ တင်းနစ်ပြိုင် ပွဲ ဝင် ပုံ ကို ဤ သို့ တွေ့ ရ သည်။
(ဓာတ်ပုံ–အေပီ)

မယ်ကမ္ဘာပြိုင်ပွဲ ဆန်ယာ၌ကျင်းပမည်

ဆန်ယာ ဇန်နဝါရီ ၂၁

(၅၅)ကြိမ်မြောက် မယ်ကမ္ဘာပြိုင်ပွဲကို တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဆန်ယာမြို့၌ ဒီဇင်ဘာ ၄ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

အဆိုပါ မယ်ကမ္ဘာပြိုင်ပွဲကို ဆန်ယာမြို့၌ သုံးနှစ်ဆက်တိုက် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ဆန်ယာဒုတိယမြို့တော်ဝန် ကျန်ကျိုကပြောကြားသည်။

ယင်းပြိုင်ပွဲကိုကျင်းပရန် ပြိုင်ပွဲကျင်းပရေးဥက္ကဋ္ဌ ဂျူလီယာမိုလီနှင့် ဆန်ယာမြို့တာဝန်ရှိသူတို့ ကန်ထရိုက်လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

ဇန်နဝါရီ ၂ ရက်က ဖျာပုံမြို့ ကန်တော်ကြီး မိုးရေကာန်မှ မြို့တွင်းသို့ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးကျော်၊ ညွှန်ကြားရေးမှူးဦးလှသိန်းအောင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးဇော်ထွန်းတို့က ရှင်းလင်း ပြသစဉ်။ (၁၅၈)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပင်လည်ဘူးမြို့၌ ကတ္တရာလမ်းပေါက်ဖာထေး

ပင်လည်ဘူး ဇန်နဝါရီ ၁၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်၍ ပင်လည်ဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဗန္ဓုလလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့် ကတ္တရာလမ်းပေါက် ဖာထေးခြင်းလုပ်ငန်း အရှည် ၇၅ ပေ၊ အကျယ် ၁၂ ပေကို ကုန်ကျငွေကျပ် ၁၀၇၀၀၀ဖြင့် ဆောင်ရွက်ပြီး အောင်နဒီလမ်း လမ်းဘေးကပ်တုံးများ အရှည်ပေ ၃၀၀ ကို ဆောင်ရွက်ကြကြောင်းသိရသည်။ **(နယ်စပ်/စည်ပင်)**

ကျောင်းကုန်းမြို့ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲနှင့် အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ကျောင်းကုန်း ဇန်နဝါရီ ၁၅

ကျောင်းကုန်းမြို့နယ် ရွာသာကုန်းအုပ်စု ညောင်သာယာကျေးရွာ မျိုးဆက်သစ် အားမာန်စာကြည့်တိုက်ဖွင့်ပွဲ၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အဆောက်အအုံသစ်ဖွင့်ပွဲ၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲနှင့် အဆောက်အအုံသစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁၀ ရက်က အဆိုပါကျေးရွာ ဖွင့်ပွဲအဆောက်အအုံ မုခ်ဦးများရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် ညောင်သာယာကျေးရွာ ကိုယ့်အားကိုယ်ကိုး မျိုးဆက်သစ် အားမာန်စာကြည့်တိုက်နှင့် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အဆောက်အအုံသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးကြည်စန်း၊ မြို့နယ်ပညာရေးမှူး ဦးဝင်းမောင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်ပွဲနှင့် အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲကို မြို့နယ်ဥက္ကဋ္ဌ ဦးကြည်စန်း၊ မြို့နယ်ဆရာဝန်ဒေါက်တာ သီတာညွန့်နှင့် အမှုဆောင်အရာရှိ ဦးလှဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ယာပုံ)**

စာကြည့်တိုက်ကို ဂါဒီယန်ဦးစိန်ဝင်းက ကျပ်တစ်သိန်းနှင့် သုတ၊ ရသစာအုပ်မျိုးစုံ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကျပ်နှစ်သောင်းခွဲ၊ မြို့နယ်သတင်းထောက် ဦးစံလှထွန်းက ကျပ်တစ်သောင်း၊ အမှတ်(၁) ရပ်ကွက် ဦးစစ်ဟန်က စာအုပ်မျိုးစုံ၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က စာအုပ်မျိုးစုံနှင့် ရွာသားများထည့်ဝင်ငွေဖြင့်တည်ဆောက်ပြီး ကျေးလက်ဆေးပေးခန်းဌာနခွဲကို ဂါဒီယန် ဦးစိန်ဝင်းမိသားစုက ကျပ်ငါးသိန်းနှင့် မြို့နယ်ဥက္ကဋ္ဌဦးကြည်စန်း မိသားစုမှ ပျဉ်းကတိုးတိုင်၊ ကျွန်းတံခါးရွက် အပြည့်အစုံလှူဒါန်း၍ ကျေးရွာပြည်သူများနှင့်မြို့နယ်သတင်းထောက် ဦးစံလှထွန်းမိသားစုက ကျပ် ၇၈၉၄၀နှင့် ဆောက်လုပ်ပြီးဆေးခန်းအတွက် ပရိဘောဂပစ္စည်းများနှင့် ဆေးဝါးမျိုးစုံဝယ်ရန် ဆေးပဒေသာပင်အဖြစ် ဂါဒီယန်ဦးစိန်ဝင်းကကျပ်တစ်သိန်းလှူဒါန်းပြီးလိုအပ်သည့်ပရိဘောဂပစ္စည်းများကို ရွာသားများက လှူဒါန်းကြသည်။ **(၂၆၅)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်

မချမ်းဘော ဇန်နဝါရီ ၄

မချမ်းဘောမြို့တွင် မြို့တွင်းလမ်းဘေးဝဲယာတစ်လျှောက်တွင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၆ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုင်းရဲဝင်းနိုင်က ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။ **(ပြည်နယ် စည်ပင်)**

မြို့တွင်းလမ်းကောင်းမွန်ရေး ကျောက်တံခါးမြို့၌ ဆောင်ရွက်

ကျောက်တံခါး ဇန်နဝါရီ ၂၀

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၂၀၀၄–၂၀၀၅ခုဘဏ္ဍာရေးနှစ်တွင် မြို့သန့်ရှင်းသာယာလှပရေးနှင့် မြို့တွင်းလမ်းများကောင်းမွန်စေရေး စီမံချက်အရ ဇန်နဝါရီ၁၈ရက်က ဦးစံကျော်လမ်းနှင့် အောင်သုခ လမ်းတစ်လျှောက် လမ်းပေါက်များအား ကတ္တရာဖာထေးခြင်းလုပ်ငန်း အကျယ်ပေ ၂၇၄၀ အား စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ကျပ် ၆၂၀၀၀ဖြင့် ဆောင်ရွက်ကြသည်။

အလားတူ ပဲနွယ်ကုန်းမြို့ မြို့မလမ်းအကျယ်ပေ ၃၈၉၀အား စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၈၈၀၀၀၀ ဖြင့် ဆောင်ရွက်ကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

တာလေမြို့တွင် သန့်ရှင်းရေးဆောင်ရွက်

တာလေ ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာလေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးဝင်းနိုင်နှင့် ဝန်ထမ်းများက အမှတ်(၃)ရပ်ကွက် ပြည်သူများနှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၂၀ရက်က အမှတ်(၃)ရပ်ကွက်အတွင်း ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ချုံနွယ်မြက်များနှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်း တို့ကို စုပေါင်းဆောင်ရွက်ခဲ့ ကြောင်း သိရသည်။ **(အပေါ်ပုံ) (မြို့နယ်စည်ပင်)**

နေပြည်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများကောင်းမွန်စေရေးအတွက် မြို့တွင်း လမ်းပေါက်များ ဖာထေးမှုကို ဒီဇင်ဘာ ၆ ရက်က လက်ထောက်အင်ဂျင်နီယာ ဦးစန်းမြင့်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

သာပေါင်းမြို့ ကတ္တရာခင်း

သာပေါင်း ဇန်နဝါရီ ၄

သာပေါင်းမြို့ စည်ပင်သာယာရေးအဖွဲ့မှကညင်ကျောင်းလမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ၂၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဖြူနှင့် ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ ကညင်ကျောင်းလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးက ကြီးကြပ် စစ်ဆေးပေးကြောင်း သိရသည်။ **(ဝဲပုံ) (မြို့နယ်စည်ပင်)**

ဒီဇင်ဘာ၂၁ ရက်က မြဝတီမြို့ အမှတ် (၅) ရပ်ကွက် ဦးအောင်ဇေယျလမ်းကိုယ့်အား ကိုယ် ကိုး ကတ္တရာလမ်း ပြုပြင်ဆောင်ရွက်မှုကို အမှုဆောင် အရာရှိ ဦးခင်မောင်သန်း၊ တာဝန်ခံ အင်ဂျင်နီယာ ဦးစတင်ဝေနှင့် အမှတ်(၅) ရပ်ကွက်ဥက္ကဋ္ဌ ဦးစိန်သောင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးမြို့ နဂါးပတ်ကျောင်းဝင်းအတွင်းရှိ ကျပ် ၁၀သိန်းကျော်တန်ဖိုးရှိ စံကျောင်းတော်၊ ဂန္ဓကုဋိတိုက် ရေစက်ချပွဲနှင့် ဆရာတော် အရှင်မြတ်နှစ်ပါးတို့အား သိက္ခာထပ်အလှူမင်္ဂလာတွင် အလှူရှင် အင်းစိန်မြို့ ဈေးကုန်းအနောက်ရပ်ကွက် မာဃလမ်းနေ ဦးအောင်ကြီး-ဒေါ်ခင်ဝင်း(ကတ္တားပြုပြင်ထုတ်လုပ်ရေး) မိသားစုက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်မြို့ သစ္စာအောင်မြေကျောင်းဆောက်လုပ်ရန် လှူဒါန်းလိုသူများဆက်သွယ်လှူဒါန်းနိုင်

ပြည် ဇန်နဝါရီ ၅

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် ခေတ္တရာအုပ်စု အောင်သီရိရပ်ကွက် သစ္စာအောင်မြေကျောင်းကို ဆောက်လုပ်မည်ဖြစ်ရာ ကျောင်းဖြစ်မြောက်ရေးအတွက် လှူဒါန်းလိုသူများသည် ကျောင်းထိုင်ဆရာတော် ဦးထေရ ဝဏ္ဏ အောင်သီရိရပ်ကွက် သစ္စာအောင်မြေကျောင်း ပြည်မြို့နယ်၊ ဦးကျော်လှတိမ်တမန်ကားဂိတ် ဖုန်း-၀၅၃-၂၁၈၉၇ ပြည်မြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်ရန်အတွက် ဒီဇင်ဘာ ၆ရက်ကပဋ္ဌာန်းမဏ္ဍပ်၌ အလှူငွေပေးအပ်ပွဲ ကျင်းပရာ အလှူရှင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာဥယျာဉ်လမ်းသွယ်(၃)နေ ဦးစောလှိုင်-ဒေါ်မြင့်မြင့် မိသားစုက ငွေကျပ်၃၈၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၁၆၈)

ညောင်တုန်းမြို့နယ် ကျောင်းပေါင်းစုံ ပြေးခုန်ပစ် အားကစားပြိုင်ပွဲကို ညောင်တုန်းမြို့ အထက(၁)ဘောလုံးကွင်းတွင်ဇန်နဝါရီ ၁၅ ရက်ကကျင်းပရာ ပြေးခုန်ပစ် အားကစားပြိုင်ပွဲမျိုးစုံတွင် ရွှေတံဆိပ်၊ ငွေ တံ ဆိပ် နှင့် ကြေး တံ ဆိပ် အမှတ်အများဆုံးဖြင့် အမျိုးသား၊အမျိုးသမီး တံခွန်စိုက်ဆုရ နယ်မြေ(၁) ပညာရေးမိသားစုအဖွဲ့အား မြို့နယ်ပညာရေးမှူး ဦးစိုးဝင်းသန်းက တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။ (၀၉၈)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် တာဝေးအပြေးပြိုင်ပွဲ ဆုချီးမြှင့်

ကွန်ဟိန်း ဇန်နဝါရီ ၁၀

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အမျိုးသား၊အမျိုးသမီး တာဝေးအပြေးပြိုင်ပွဲကို ဇန်နဝါရီ၄ရက် နံနက်၆နာရီက ကွန်ဟိန်းတံတားမှ ပြည်ထောင်စုလမ်းမ တောင်ကြီးဘက် သတ်မှတ်နေရာတွင် ကျင်းပသည်။

တာဝေးအပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ နှစ်သိမ့်ဆုရရှိကြသူများအား နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးဟန်မြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးတို့ကဆုများ ပေးအပ်ချီးမြှင့်ကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၅၄)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြို့ နိုင်ငံခြားဘာသာ တက္ကသိုလ် မြန်မာစာဌာန ကထိက ဦးမောင်မောင်ခင် လူမှုထုံးချွန် (တတိယဆင့်) **(အပေါ်ပုံ)** သည် ဇန်နဝါရီ ၁၇ ရက်က ဗဟိုအမျိုးသားသွေးလှူဘဏ်၌ (၅၄)ကြိမ်မြောက်သွေး လှူဒါန်းခဲ့ကြောင်း သိရသည်။**(က-ပ)**

အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှုလုပ်ငန်း အသိပေးရှင်းလင်းခြင်းနှင့် ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေး

သာယာဝတီ ဇန်နဝါရီ ၁၂

သာယာဝတီမြို့နယ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုလုပ်ငန်း အသိပေး ရှင်းလင်းခြင်းနှင့်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ၈ရက်က သာယာဝတီခရိုင် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းအောင်က အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သောင်းတင်ထွန်းနှင့် ကျန်းမာရေးဦးစီးဌာန၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနစိတ်မှ လက်ထောက်အင်ဂျင်နီယာ ဦးငွေဝင်းတို့က အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

အမှတ် ၂၆ ပင်လုံရိပ်မွန် သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်စောကြည်(၇၇)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း၊ ၁၆/၂ ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အလုပ်အမှုဆောင် ဦးအေးကြူက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဓမ္မစကြာဝတ်ရွတ်ပြိုင်၊ ဆုပေးအပ်ချီးမြှင့်

ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၀

ကျောက်ပန်းတောင်းမြို့နယ် ပညာရေးဌာနက ဓမ္မစကြာဝတ်ရွတ်ဖတ်ပြိုင်ပွဲကို ဇန်နဝါရီ ၅ရက်က အထက်တန်း၊ အလယ်တန်းကျောင်းများ၏ ဓမ္မစကြာရွတ်ဖတ်ပူဇော်အသင်းများ ဝတ်ရွတ်ပြိုင်ပွဲကို မြို့ရှေ့စေတီကြီး ဘုရားဓမ္မာရုံတွင် ကျင်းပသည်။

အဆိုပါ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ ကျောင်းပေါင်းစုံ ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲများကို မြို့နယ်ပညာရေးမှူးနှင့် လက်ထောက်ပညာရေးမှူးများ၊ကျောင်းအုပ်ဆရာ ၊ ဆရာမကြီးများက ကြီးကြပ်လျက် အမှတ်ပေး ကျင်းပခဲ့ရာ ပြိုင်ပွဲတွင် ပထမဆုရ ကျောက်ပန်းတောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဒုတိယဆုရ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် တတိယဆုရ မြို့ရှေ့ အခြေခံပညာအလယ်တန်း ကျောင်းတို့အား မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူကဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(၀၆၁)**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၃)ရပ်ကွက်တွင် စတင်တည်ဆောက် လျက် ရှိသော မိုး ကုတ်ဝိပဿနာ ဓမ္မ ရိပ်သာ အ ဆောက်အအုံများ အတွက် မြေနေရာ ဝယ်ယူလှူဒါန်းသူ အင်းစိန် မြို့နယ် ဦးချစ်မောင်-ဒေါ်ခင်သန်းငွေ မိသားစုက အလှူငွေကျပ်သိန်း၂၀ကို ဇန်နဝါရီ၁၀ရက်က ရိပ်သာအကျိုးတော်ဆောင် ဗိုလ်မှူးကျော်ဆွေဝင်း(အငြိမ်းစား)သို့ ပေးအပ်လှူဒါန်းစဉ်။ (၂၈၃)

ကျပန်းစကားပြောပြိုင် ဆုချီးမြှင့်ပွဲကျင်းပ

ရပ်စောက် ဇန်နဝါရီ ၂

ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူးကျင်းပသည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကိုဒီဇင်ဘာ၂၂ ရက်က ရပ်စောက်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ရတနာသီရိခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယကျောင်းအုပ်ကြီးနှင့် မြို့နယ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး မြို့နယ်အသင်းတွဲဖက်အတွင်းရေးမှူး ဦးအောင်ကျော်ညွှန့်က ကျပန်းစကားပြောပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဆုရရှိကြသော ပြိုင်ပွဲယှဉ်ပြိုင်သူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရမည်းသင်းခရိုင်နှင့် မြို့နယ်တရားရုံး စာရေးဝန်ထမ်းများ ရက်တိုမွမ်းမံသင်တန်းဖွင့်

ရမည်းသင်း ဇန်နဝါရီ ၁

ရမည်းသင်းခရိုင်နှင့် မြို့နယ်တရားရုံးများမှ စာရေးဝန်ထမ်းများ ရုံးတွင်း ရုံးလုပ်ငန်းဆိုင်ရာ ရက်တိုမွမ်းမံသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀နာရီက ရမည်းသင်းခရိုင်တရားရုံးသင်တန်းခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်တရားသူကြီးဦးဝင်းမြင့်ကျော်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းသို့စာရေးဝန်ထမ်း စုစုပေါင်း၄၃ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မမြရေလှောင်တမံစီမံကိန်း စိုက်ပျိုးမြေဧက ၁၀၀၀၀ အကျိုးပြုမည်

ရန်ကုန် ဇန်နဝါရီ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇန်နဝါရီ၁၆ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း မြန်အောင်မြို့နယ် မျှင်ဝါးတောင်ဒေသ၌ တည်ဆောက်နေသည့် မမြရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီမံကိန်းရှင်းလင်း ဆောင်၌ ဆည်မြောင်းဦးစီးဌာနတည် ဆောက်ရေး(၉) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်က စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းဇယားအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ စက်သုံးဆီ လေလွင့်မှုမရှိအောင် ခြိုးခြံချွေတာရေးတို့ကို မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၄ ✡



ဧရာဝတီတိုင်း မြန်အောင်မြို့နယ်တွင် တည်ဆောက်နေသည့် မမြရေလှောင်တမံ၏ ရေထိန်းမျှော်စင်ပြီးစီးမှုကို ဇန်နဝါရီ ၁၆ရက်က တွေ့ရစဉ်။ (လယ်ယာ/ဆည်မြောင်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မန်မိုင်-နမ့်လျှံလမ်းနှင့် တံတားဆောက်လုပ်မည့် အခြေအနေကို ဇန်နဝါရီ၁၈ရက်က စည်ပင်သာယာရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်လတ် ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကြာကျိုးတော်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား ဇန်နဝါရီ ၁၃ ရက်က အမှုဆောင်အရာရှိ ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာဦးအောင်မောင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်လမ်းလုပ်ငန်းများဆောင်ရွက် သောက်သုံးရေဖူလုံရေးတိုးချဲ့သွားမည်

ရန်ကုန် ဇန်နဝါရီ ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ပဲခူးတိုင်း(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုအောက်ရှိ တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြနှင့်ကျေးလက်လမ်းလုပ်ငန်းများဖြစ်သည့် အရှည်ပေ ၈၁၀၊ အကျယ် ၁၂ပေရှိ တပင်ရွှေထီးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အရှည် ၆၇၅ပေ၊ အကျယ် ၁၂ပေရှိ ဦးကာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အရှည်ပေ၉၅၀၊ အကျယ် ၁၂ပေရှိ ပန်းချီတံခါးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် အရှည် ပေ၃၂၀၊ အကျယ်၁၂ပေရှိ ရိပ်သာ လမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၀ရက်က ဆောင်ရွက်ကြသည်။

ရေတာရှည်မြို့နယ်

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အရှည်ပေ ၁၈၀၀၊ အကျယ် ၁၀ပေရှိအောင်မြန်မာလမ်းကတ္တရာခင်းခြင်းလုပ်ငန်း၊ အရှည်ပေ ၆၄၀၊ အကျယ် ၁၀ပေရှိ အောင်ဇေယျလမ်း ကတ္တရာခင်းခြင်း၊အရှည်ပေ ၁၂၀၀၊ အကျယ် ၁၀ပေရှိ မြို့ဦးလမ်း ကတ္တရာခင်းခြင်း၊ အရှည်ပေ ၄၈၀၊ အကျယ် ၁၀ပေရှိ ကန်သာလမ်း ကတ္တရာခင်းခြင်း၊ အရှည်ပေ ၁၈၀၀၊အကျယ်၁၀ပေရှိ ရှင်စောပုလမ်း ကတ္တရာခင်းခြင်းတို့ကို ဇန်နဝါရီ ၂၀ရက်က ဆောင်ရွက်ကြသည်။

မြစ်သားမြို့နယ်

မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြစ်သား မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ **စာမျက်နှာ ၉ ကော်လံ**

မြို့ပြ စည်ပင် ကျေးလက် တစ်ခွင်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရေခဲပြင်ကြီးနှစ်ခုတိုက်မိ

တောင်သမုဒ္ဒရာအတွင်း၌ ဒရိုင်း ဂယ်လ်စကီဟု လူသိများသော မိုင်၆၀ရှိ ရေခဲပြင်ကြီးနှင့် ဘီ၁၅အေဟု လူသိများသော မိုင်၁၀၀ရှိရေခဲပြင်ကြီးနှစ်ခု ထိတိုက်မိကြသည်ကို ဂြိုဟ်တုမှ ဇန်နဝါရီ ၁၇ရက်က ရိုက်ကူးပေးပို့သည်ကို နာဆာမှ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

(အောက်ပုံ) (ဓာတ်ပုံ-အေပီ)



၁၆ ပေါင်ကျော်ကလေး

ဘရာဇီးနိုင်ငံ အရှေ့မြောက်ဘက် ဆာလ်ဗာဒိုမြို့ရှိ ဆေးရုံတစ်ရုံ၌ ၁၆ဒသမ၇ပေါင် အလေးချိန်ရှိသည့် ကလေးငယ်တစ်ဦးအား ဇန်နဝါရီ၁၈ရက်က တွေ့ရစဉ်။ **(အပေါ်ပုံ)**

(အဆိုပါကလေးကို ရာမိုစ်ဒို့စ်(၃၈နှစ်)က မွေးဖွားခဲ့ခြင်းဖြစ်ပြီး ၁၂နှစ်အတွင်း ယင်းဆေးရုံ၌ပေါင်အများဆုံး ကလေးအဖြစ် မွေးဖွားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။)

(ဓာတ်ပုံ-အေပီ)

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

"ယနေ့ကာလ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများသည် ၁၉၈၈ခုနှစ်ကာလ အခြေအနေများနှင့် မနှိုင်းယှဉ်သာအောင် ကွာခြားပြောင်းလဲလာခဲ့ပြီ ဖြစ်သည်။"

ခေါင်းကြီး(စာ-၂)

"နိုင်ငံတော်အပိုင်းမှာ လုပ်ပိုင်ခွင့်ကို အာဏာအဖြစ်မှတ်ယူပြီး ဖောက်လွဲဖောက်ပြန်လုပ်မှုများကို ပြတ်ပြတ်သားသားအရေးယူခဲ့သလို နောင်မှာလည်း အစိုးရဝန်ထမ်းအဖွဲ့အစည်းများက အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ မမှန်မကန်လုပ်ဆောင်မှုများ၊ အကျင့်ပျက်မှုများကို ဖော်ထုတ်အရေးယူသွားမှာဖြစ်ကြောင်း။"

ဟိန်းမြင့်၏ဆောင်းပါး(စာ-၁၀)